# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၂) ရက် ၊ တနင်္လာနေ့ ၊ (11-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၁၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ သွားရောက်ဖူးမြော်လေ့လာ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ညက်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့်

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

## အင်္ဂမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ ကျင်းပ

*စာမျက်နှာ - ၁၆*

## အရန်တပ်ဖွဲ့ နည်းဥပဒေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် မတ် ၁၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၄)ဖြင့် အရန်တပ်ဖွဲ့နည်းဥပဒေများကို ထုတ်ပြန်ကြေညာကြောင်း သိရသည်။ အဆိုပါနည်းဥပဒေများတွင် အခန်း(၇)ခန်း၊ နည်းဥပဒေအပိုဒ်ပေါင်း ၂၇ ပိုဒ်၊ နောက်ဆက်တွဲပုံစံ ရှစ်ခုဖြင့် ဖော်ပြထားပြီး အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခန်း(၂)တွင် အရန်တပ်ဖွဲ့ဝင်စစ်မှုထမ်းရန်ကာလ၊ အခန်း(၃)တွင် အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄)တွင် မှတ်ပုံတင်ခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းခြင်းတို့အတွက် ဆင့်ခေါ်ခြင်း၊ အခန်း(၅)တွင် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၆)တွင် အကျိုးခံစားခွင့်သတ်မှတ်ချီးမြှင့်ခြင်း၊ အခန်း(၇)တွင် အထွေထွေပြဋ္ဌာန်းချက်တို့ပါရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျေးလက်နေလူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးကို တိုက်ရိုက်ဆောင်ရွက်နေကြသူများဖြစ်သည်။ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကိုအခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြပေသည်။

မြန်မာနိုင်ငံတွင် ဝါများစိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကို စနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးပေ။ လက်ရှိ ဝါစိုက်ဧက ငါးသိန်း၌ တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိမည်ဆိုပါက လူဦးရေ သန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်သည်။ လက်ရှိထွက်ရှိနေသည့် ဝါကုန်ကြမ်းများကို ချည်ချောများထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပေသည်။

**“ဝါစိုက်ပျိုးမှုများမှထွက်ရှိသည့် ဝါများကို ဗိုင်းငင်ခြင်းအားဖြင့် ဝါဂွမ်း၊ လင်တာဂွမ်း(အမျှင်တို)နှင့် ဝါစေ့များထွက်ရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ဝါစေ့များကို ဆီကြိတ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဆီစက်လုပ်ငန်းများလည်းပေါ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဝါစေ့ကြိတ်ဖတ်များကို တိရစ္ဆာန်အစာများအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါဂွမ်းများကတစ်ဆင့် ချည်ထည်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ရက်ကန်းစက်များလည်းပေါ်နိုင်ခြင်း၊ ရရှိလာသည့် အထည်အလိပ်များကို အထည်ချုပ်လုပ်ငန်းများလုပ်ကိုင်ခြင်း၊ စသည့်အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ချည်မျှင်၊ အထည်အလိပ်နှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်ခြင်းကြောင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊”** ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် တိုင်းပြည်စီးပွားရေးကို ကောင်းမွန်တိုးတက်အောင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဝါအထွက်နှုန်းများ တိုးတက်စေရေးလိုအပ်သည့်စိုက်နည်းစနစ်များ၊ သွင်းအားစုများနှင့် အောင်ရေများရရှိရေးအတွက် ရေရှည်ကိုကြည့်၍ စီမံတွက်ချက်ဆောင်ရွက်ရန်လိုပေသည်။ အဓိကအားဖြင့် ဝါအထွက်နှုန်းများ တိုးတက်စေရေးဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်သဖြင့် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ရန်လိုပေသည်။

သို့ဖြစ်ရာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ချည်မျှင်နှင့်အထည်ချုပ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးကောင်းသော (A)အဆင့်ရှိ ဝါများပြောင်းလဲစိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ ထိုမှတစ်ဆင့်ထွက်ရှိလာသည့် ကုန်ကြမ်းများကို ချည်မျှင်ထုတ်လုပ်နိုင်ရေးနှင့် ပိတ်အဖြစ်ပြောင်းလဲထုတ်လုပ်နိုင်ရေး စက်ကိရိယာများ လိုအပ်သည်။ ထို့ကြောင့် ချည်ချောများထုတ်လုပ်နိုင်ရေး၊ ပိတ်အဖြစ်ပြောင်းလဲနိုင်ရေး ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၁၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၇၂၂၄၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေပူရင်လဲ ဘုရားဖူးတွေ ခြေမပူအောင် အခင်းတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ ဘုရားဖူးတွေက နားနေဆောင်မှာလဲ ဝင်ရောက်နားခိုပြီး အနားယူအပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရအပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေတာကို တွေ့ရပါတယ်” ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၂၁၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၆၇၂၅၉ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၇၆၈ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး မတ် ၁၀**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲတီစိမ်းအရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလတ်တလော ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ဝယ်ယူမှု များပြားလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်းများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

“ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုလတ်တလော ကြိုက်ရောင်းကြိုက်ဝယ်တွေ ပြန်များလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေး ပြန်ကောင်းလာတယ်။ နောက်ပိုင်း ပဲတီစိမ်း အရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းလာမဲ့ အနေအထားမှာရှိပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မတ် ၉ ရက်ပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ပဲတီစိမ်းကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ပြည်ပခရီးသွား မတ်လဒုတိယပတ်အတွင်း များပြားလာ

**မန္တလေး မတ် ၁၀**

တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွား မတ်လဒုတိယပတ်အတွင်း များပြားလာကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့် အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့်အင်းသို့ မတ်လ ဒုတိယပတ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

“အခု တောင်သမန်တံတားနဲ့အင်းကို ပြည်တွင်းခရီးသွားတွေအပြင် နိုင်ငံခြားသားခရီးသွားဝင်ရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်။ တောင်သမန်တံတားနဲ့အင်းကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွားအများစုကတော့ မည်စည်ပင်တန်းဘက်ကို သွားရောက်လည်ပတ်ကြပါတယ်။ အခုလက်ရှိက ကျောင်းသား၊ ကျောင်းသူတွေ လာရောက်လည်ပတ်တာ များပါတယ်။ နယ်ဝေးဒေသက ခရီးသွားတွေလဲ လာရောက်လည်ပတ်တာ များပါတယ်” ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့်အင်းသို့ မတ်လ ပထမပတ်က လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင်ဦးရေ ၁၅၀၀ ကျော်သာရှိခဲ့သော်လည်း မတ်လဒုတိယပတ်အတွင်း တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၅၂ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၁၆၂၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ၁၄၅၂ ဧက စိုက်ပျိုးပြီးစီးနေပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတိဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၅ လမ်း၊ လမ်း ၈၀-၈၁ လမ်းကြားနေ ရွှေပြည်နီးပွဲရုံပိုင်ရှင် ဦးမြင့်မောင်-ဒေါ်ခင်သန်းတို့အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေး နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရက် ၉၀ စပါး တင်းရေ ၆၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရက် ၉၀ စပါးအမျိုးအစား တင်းရေ ၆၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ရက် ၉၀ စပါးအမျိုးအစား တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက် ထိ ရက် ၉၀ စပါးအမျိုးအစား တင်းရေ ၆၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ရန်ကုန်ဈေးကွက်ကို ရက် ၉၀ စပါးအမျိုးအစား တင်းရေ ၆၅၀၀၀ တင်ပို့ ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဒီရက် ၉၀ စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့ရောင်းချခဲ့တာပါ။ လက်ရှိ စပါးဈေးကလဲ ကောင်းနေဆဲဖြစ်ပါတယ်။ ရက် ၉၀ စပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တခြား စပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာတော့ လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်း၊ ရေလမ်းနဲ့ အဆင်ပြေသလိုပဲ တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၁၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ်အဖြစ် စီမံကိန်းအသင်းသား၊ အသင်းသူ ၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၂၉၄ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**

# တောင်သာမြို့နယ် ကန်အေးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကန်အေးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကျေးရွာစိတ်ဓာတ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၈၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်အေးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၁၄ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၆၆ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ငွေကျပ်သိန်း ၃၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**



# ဘဝစာမေးပွဲ

## ချစ်နိုင်(စိတ်ပညာ)



ဆရာကြီးပီမိုးနင်း(၁၈၈၃-၁၉၄၀)

**"ဘဝစာမေးပွဲ"**ဆိုတာက လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၊ ၈၀ အချိန်ကာလဆီက အောင်မြင်ထင်ရှားတဲ့ လစဉ်ထုတ်မဂ္ဂဇင်းစာအုပ်တစ်အုပ်ရဲ့ နွေဦးပေါက်အချိန်ကာလ ဖေဖော်ဝါရီလလား၊ မတ်လလား၊ ထုတ်ဝေလိုက်တဲ့ ဝတ္ထုတိုတွေထဲမှာ ဖော်ပြပါရှိလာခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ရဲ့ နာမည်ဖြစ်ပါတယ်။ ရေးသူကလည်း လက်ဝဲအယူအဆလက်ခံတဲ့ ရပ်တည်ချက်ကောင်းခဲ့တဲ့လူငယ်နိုင်ငံကျော်စာရေးဆရာတစ်ယောက် ရေးထားတာပါ။ ဆယ်ကျော်သက်ရွယ်လူငယ်စာဖတ်ပရိသတ်ဟာ လူတန်းစားရပ်တည်ချက်ပါတဲ့စာမျိုးတွေကို သဘောကျတတ်ပါတယ်။ အချစ်၊ အလွမ်း၊ ခံစားချက်ဆွဲဆောင်နိုင်တဲ့ ဝတ္ထုမျိုးကို နှစ်သက်ကြတယ်။

ဘဝစာမေးပွဲဝတ္ထုတိုဟာ မဂ္ဂဇင်းစာမျက်နှာပေါ်ကနေ ခုန်ပျံထွက်ပြီး စာဖတ်ပရိသတ်လူငယ်လူရွယ်တွေရဲ့ နှလုံးသားထဲရောက်အောင် ထိရောက်တဲ့ရသအနုပညာမှုတစ်ဆင့် ဘဝနဲ့စာမေးပွဲကို ကွဲပြားခွဲခြားသွားအောင် လှုံ့ဆော်တိုက်တွန်းလိုက်ပါတယ်။

အဲဒီဝတ္ထုထဲမှာ ဇာတ်လိုက်ဆယ်တန်းကျောင်းသားက သူ့အမေကိုပြောတဲ့စကားတွေဆိုရင် လူငယ်တွေကြားမှာ ရေပန်းစားရိုက်ခတ်သွားတော့တာပဲ။ **"စာမေးပွဲဆိုတာ ဘဝကို တိုင်းတာအကဲဖြတ်လို့ရတဲ့အရာတော့ မဟုတ်ပါဘူး အမေရာ။ စာမေးပွဲဆိုတာနဲ့ ပညာအရည်အချင်းကို ခွဲခြားပြီး တစ်တန်း၊ နှစ်တန်း၊ လေး၊ ငါး၊ ဆယ်တန်းလို့ သတ်မှတ်တာမျိုးဖြစ်နေပါတယ်။ တကယ်တော့ ဘဝတန်ဖိုးကို အတန်းပညာအရေအတွက် ကိန်းဂဏန်းနဲ့ အကဲဖြတ်လို့မရဘူး အမေရ။"**

**"စာမေးပွဲအောင်မှ ဘဝအောင်တယ်ဆိုတဲ့စနစ်ဆိုးကြီးကို ကျွန်တော်မယုံကြည်တော့ဘူး အမေ"** စသဖြင့် (ဒီစကားလုံးအတိုင်း အတိအကျမဟုတ်ပေမယ့် စာမေးပွဲနဲ့ ကျောင်းသင်ပညာရေးကို ဆန့်ကျင်တော်လှန်တဲ့ သဘောထား။ အဲဒီတုန်းက တောတွင်းလက်ဝဲပါတီရဲ့ ခေါင်းဆောင်သခင်တစ်ဦးက သူလည်း တက္ကသိုလ်မတတ်ခဲ့ရဖူးတော့ တက္ကသိုလ်ပညာကို ကိုလိုနီပညာရေးဆိုပြီး ချိုးနှိမ်ပုတ်ခတ်တယ်။ ရန်လုပ်တိုက်ခိုက်ခဲ့တယ်။ မှန်းတယ်။ တက္ကသိုလ်ပညာရေးကို ရှုတ်ချလေ့ရှိတဲ့အချိန်ကာလဖြစ်နေပါတယ်။ လက်ရှိအချိန် နိုင်ငံတော်ရဲ့ပညာရေးကို စစ်ကျွန်ပညာရေးဆိုပြီး လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်နေသူတွေက ဝါဒဖြန့်ပြီး ကျောင်းတွေကို မီးရှို့၊ ဆရာ၊ ဆရာမတွေကို ရက်ရက်စက်စက်သတ်ဖြတ်တာမျိုးထိမဆိုးပေမယ့် အယူအဆအတွေးအခေါ် အရ ၁၉၅၀-၁၉၆၀ အစိုးရကျောင်းပညာရေးကို သေးသိမ်ပျက်ယွင်းအောင် တိုက်ခိုက်ဖျက်ဆီးမှုကို ဝတ္ထုတိုစာပေအနုပညာနဲ့ ဝါဒဖြန့်ခဲ့ခြင်း)သဘောမျိုး ဒါကရေးထားတာပါ။ အလွန်ပဲ လွှမ်းမိုးထိရောက်ပါတယ်။ ကျေးလက်တောရွာကနေ ကျောက်ဆည်မြို့ အစိုးရအထက်တန်းကျောင်းမှာ တက္ကသိုလ်ဝင်တန်း ဒီနှစ်ဖြေတော့မယ့် ဆယ်တန်းကျောင်းသားလေးတစ်ယောက်ဟာ မဂ္ဂဇင်းထဲက နိုင်ငံကျော်စာရေးဆရာရဲ့ **"ဘဝစာမေးပွဲ"**ဝတ္ထုကို ဖတ်ပြီး စာမေးပွဲမဖြေတော့ပါဘူးတဲ့။



လယ်တွင်းသားစောချစ်(စည်သူဦးတင်လှိုင်)

သူ့အမေက မူလတန်းပြဆရာမ၊ မုဆိုးမ။

သူ့အဘိုးက မူလတန်းကျောင်းအုပ်ဆရာကြီးပါ။

အမေကော၊ အဘိုးကော ရှိစုမဲ့စုနဲ့ သူ့ကို မြို့ကို ပို့ပြီး အထက်တန်းကျောင်းသားဘဝ ပညာကြိုးစားစေချင်ခဲ့တယ်။ ပညာရေးကို သိပ်အလေးထားတယ်။ ပညာရေးဟာ ဘဝတစ်သက်တာမှာ အရေးကြီးကြောင်း သူ့ကိုငယ်ငယ်လေးထဲက သွန်သင်ဆုံးမနားလည်အောင် ရှင်းလင်းပြောပြခဲ့ကြတယ်။ အစကတော့ ချောပါရဲ့။

ဆယ်ကျော်သက်၊ လူပျိုပေါက်အဲဒီလူငယ်က မဂ္ဂဇင်းဝတ္ထုရေးတဲ့ စာရေးဆရာရဲ့ အသည်းကွဲဝတ္ထုတွေလည်းကြိုက်တယ်။ လူတန်းစားတိုက်ပွဲအမြင်ရှိတဲ့ သဘောထားအရေးအသားတွေလည်း လေးစားအားကျတယ်။ **"ဒီဘဝစာမေးပွဲဆိုတဲ့ဝတ္ထုလေးက ငါ့ဘဝကို လမ်းညွှန်အလင်းပြပေးလိုက်တာပဲ"**လို့ သူက ခံယူသွားတယ်။ နတ်သုဓာဖြစ်ပါလျက် မစင်တစ်စက်ရောယှက်ဝင်လို့ဖျက်။ တစ်ဦးတည်းမြေးဦးယောကျ်ားလေးမို့ သူ့ကို အလွန်အားပေးတဲ့အဘိုးကကြိုက်မှာမဟုတ်ပါ။ အမေက "ငါ့သားတစ်နှစ်လုံးစာကျက်ထားတာမို့ ဖြေပါကွဲ့၊ မဖြေဘဲမနေပါနဲ့" ဘယ်လိုပင်ပြောပြော လုံးဝနားမဝင်တော့ပါ။ လူငယ်သဘာဝ တစ်ဇွတ်ထိုးတစ်ယူသန် သူ့ဘဝကို သူ့အားမာန်နဲ့ ရှုန်းကန်မယ်၊ စာမေးပွဲဆိုတဲ့ ကိုလိုနီပညာရေးစနစ်ရဲ့ ဆိုးမွေကို သူစွန့်ပစ်လမ်းခွဲလိုက်ပြီ။

သူစာမေးပွဲမဖြေဘဲ ကျောက်ဆည်မှာပဲ ကြုံရာကျပန်းအလုပ်လုပ်ရင်း ခြောက်နှစ်ကြာမှ စာသင်ကျောင်းပညာရေးနဲ့ဝေးကာ ဝေးကွာ။ ဝေးသည်ထက်ပိုဝေးလွင့်။ ဘီလိယက်ခုံနဲ့ ကျားထိုးဝိုင်းလိုနေရာမျိုးတွေမှာသာ ဝဲလည်အချိန်ကုန်။ တစ်ခုကံကောင်းတာက သူငါးတန်းတုန်းက **"မြန်မာစာဆရာမ ဒေါ်အေးငွေ"** ဆိုတာ သင်တဲ့ပြတဲ့နေရာမှာ အင်မတန်စေတနာထက်သန်တယ်။ အိမ်ထောင်မရှိအပျို (အဲဒီတုန်းက အပျိုကြီးမဖြစ်သေး၊ အပျိုလတ်အရွယ်လောက်ပါပဲ) သားသမီးကလေးလည်းမရှိတော့ ကျောင်းသား၊ ကျောင်းသူတပည့်တွေကို သားသမီးရင်းချာလို မေတ္တာကြီးမားရှာတယ်။ တစ်ဦးချင်းကို တန်ဖိုးထားတယ်။ စဉ့်ကိုင်မြို့မှ ဆရာမဒေါ်အေးငွေက မြန်မာစာသင်တယ်။ မြန်မာသဒ္ဒါ၊ စကားပြေအပြင် မြန်မာကဗျာတွေကိုလည်း စိတ်ဝင်စားအောင် ဆွဲဆောင်သင်ကြားပြသတတ်ပါတယ်။ "သားတို့၊ သမီးတို့ သင်ပုန်းကြီးပေါ်မှာ ဆရာမ ဒွေးချိုးကဗျာလေးတစ်ပုဒ် ရေးပြမယ်။ ဒါကို ရွတ်ဆိုကြည့်ပါ"တဲ့။

**"ချိုးနှစ်ကောင်**
**ထနောင်းပင်ညီနောင်က**
**လွမ်းအောင်ကူရှုံ့။**

**ပန်းတော်ဖြူ**
**ပင်မြက်နေဓာထူလှ**
**ဖိုးတောင်သူတဲ့။ ။**

ဖတ်ရတာနားလည်ကြလားမေးတော့ ငါးတန်းကျောင်းသား၊ ကျောင်းသူတွေက "နားလည်ပါတယ် ဆရာမ"ဖြေကြတာပေါ့။

ဒီကဗျာလေးကို မင်းတို့စိတ်ထဲပေါ်ရာ၊ ရေးတတ်သလို စကားပြေရေးပြီး တစ်မျက်နှာ၊ နှစ်မျက်နှာရေးလာခဲ့ပါလို့ တပည့်တွေကို တာဝန်ပေးလိုက်တယ်။ ရေးဖို့ရာ စိတ်ပါသူလည်းရှိ၊ စိတ်မပါသူလည်းရှိ။ ဘာကစရေးရမှာလဲမသိ။ စဉ်းစားရင်း ခေါင်းခြောက်နေတဲ့ကလေးလည်းရှိ။

"ထနောင်းပင်ညီနောင်ဆိုတာဘာလဲဟ"

ဘေးလူကို မေးသူလည်းရှိ။

"ပန်-တော်-ဖြူဆိုတာ မကြားဖူးပါဘူးကွာ၊ ဘာလဲဟင်"

"ပန်တော်ဖြူကိုဖတ်ရင် ပဒေါ်ဖျူလို့ဖတ်ရတယ်။ ရပ်ထဲရွာထဲမှာ ပဒေါ်ဖျူဆိုမှ နားလည်ကြမယ်။ မြက်တစ်မျိုးပေါ့။ နွားစာမြက်ပဲ။ နွားတွေ အလွန်ကြိုက်တဲ့ မြက်စိမ်းစိမ်းတွေပါ"၊ ထန်းပင်ကုန်းရွာ၊ ဝန်းသိုရွာတွေမှာ ငယ်ငယ်ကနေခဲ့ရသူက ဖြေနေရ။ မြို့က ကျောင်းသားတွေထက် တောသားက တောဗဟုသုတတွေသိနေတော့ သူငယ်ချင်းတွေကြားမှာ သူက ဒီတစ်ချီတော်တော်လူရာဝင်နေပါလား။

စာစီစာကုံးလေ့ကျင့်ခန်းဖြေလွှာ ပထမဦးဆုံး ဆရာမဆီလာတင်သူကတော့ မောင်တင်လှိုင်ပေါ့။ အတန်းထဲက ကျောင်းသား၊ ကျောင်းသူတွေအားလုံး ရေးဖြေလို့ပြီးကြပြီဆိုမှ ဆရာမက-

"သားတို့၊ သမီးတို့ထဲက ဖတ်လို့ကောင်းတဲ့စာစီစာကုံးလေးကို ဆရာမဖတ်ပြမယ်။ မင်းတို့ဘယ်လိုသဘောရသလဲ၊ ပြီးရင်ဖြေကြရမယ်နော်"ဆိုပြီး မောင်တင်လှိုင်ဖြေတဲ့ကဗျာကို အခြေခံပြီး စီကုံးထားတဲ့ စကားပြေလေး ဖတ်ပြပါတယ်။

တပည့်အားလုံးက အံ့သြဝမ်းသာကောင်းမွန်ကြောင်း ချီးကျူးကြပါတယ်။ "လွတ်ကောင်းတာဗျ" "တော်တယ်ကွာ။ ငါတို့ဆို အဲဒီလိုမရေးတတ်ဘူးဟေ့" စသဖြင့် သူငယ်ချင်းတွေက ချီးမွမ်းခံခဲ့ရဖူးတယ်။

ဆရာမက သူ့ပခုံးလေးပုတ်ပြီးပြောလိုက်ပါသေးတယ်။ "မောင်တင်လှိုင်၊ မင်းကတော့ကြီးလာရင် စာရေးဆရာကြီးဖြစ်မယ့်သူပဲကွယ်"တဲ့။

ဒီစကားတစ်ခွန်းက လေထဲမှာ ပျောက်ကွယ်သွားသလိုထင်ရပေမယ့် ဒီကျောင်းသားလေးရဲ့ နှလုံးသားထိအောင် စွဲငြိနစ်ဝင်သွားခဲ့ပြီး "ကြီးလာရင် ငါစာရေးဆရာဖြစ်ရမှာ။ ငါတို့ဆရာမက ပြောခဲ့ဖူးတာ။ ငါစာရေးဆရာဖြစ်မှာပဲ"လို့ ရင်ထဲအသည်းထဲ ခိုင်မာစွဲနစ်စေခဲ့ပါတော့တယ်။

အခုတော့ မဂ္ဂဇင်းတစ်အုပ်ထဲက ဘဝစာမေးပွဲဆိုတဲ့ အတန်းပညာစာမေးပွဲအောင်တိုင်းလည်း ဘဝမအောင်မြင်ပါဘူး။ စာမေးပွဲကျ၊ အတန်းပညာမရရင်လည်း ဘဝဆိုတာ အောင်မြင်ချင်အောင်မြင်တာပါပဲဆိုတဲ့ အယူအဆအလွဲအမှားကို ယုံကြည်ဆုပ်ကိုင်မိတာ ခြောက်နှစ်တိတိ စာမေးပွဲမဖြေဘဲ ရှောင်လွှဲနေခဲ့မိတဲ့အခြေအနေဟာ လွဲချော်မှားယွင်းကြောင်း တစ်စတစ်စ သိမြင်လာပါပြီ။ ကျောင်းစာနဲ့ဝေးခဲ့ပေမယ့် **"ရပ်ကွက်စာကြည့်တိုက်"**ရှိ စာနယ်ဇင်းစာအုပ်ဟူသမျှ၊ လုံးချင်းစာအုပ်မှန်သမျှ တစ်အုပ်မှမကျန်ရ၊ တစ်မျက်နှာမှ မချန်ခဲ့ဘဲ နေ့စဉ် စာဖတ်ခဲ့တာတော့ အမြတ်တင်တယ်။

**ပီမိုးနင်း၊ ရွှေဥဒေါင်း၊ မဟာဆွေ၊ ရွှဲ၊ ရန်အောင်၊ သော်တာဆွေ၊ ငွေလင်း၊ ဇန်းမော်တင်အောင်၊ အောင်လင်း၊ စင်နင်းယု၊ စင်ဆွေဦး၊ ဂျာနယ်ကျော် မမလေး။** ကျောက်ဆည်မြို့က သူနေတဲ့ရပ်ကွက်ရပ်မိရပ်ဖတွေက အမြော်အမြင်ကြီးစွာ ထူထောင်တည်ဆောက်ပေးထားတဲ့ ရပ်ကွက်စာကြည့်တိုက်ဟာ သတင်းစာ၊ မဂ္ဂဇင်းသာမက ဝတ္ထုစာအုပ်တွေလည်း စုံလင်ခဲ့တယ်။ ကလေးဂျာနယ်၊ ကာတွန်းထိ ပြည့်ပြည့်စုံစုံပဲ။ စာဖတ်ကြတော့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေဟာ စည်းလုံးညီညာမေတ္တာနဲ့ ဆက်ဆံကြတယ်။ ရပ်ရွာကောင်းကျိုး ဦးစားပေးစဉ်းစားတတ်တယ်။ နိုင်ငံလူမျိုးအကျိုးကို ဦးစားပေးတွေးတောလေ့ရှိကြတယ်။ အမြင်မတိုဘူး။ အချင်းချင်း ရန်မလိုဘူး၊ ရပ်သူရွာသားချင်း အမုန်းအမျက်အငြိုးအတေးမရှိဘူး။ အာဃာတမထားဘူး။ စာဖတ်သူဆိုတာ ယဉ်ကျေးရင့်ကျက်ကြပါတယ်။

စာမဖတ်သူက စိတ်ထင်ရာစိုင်း မိုက်မဲရိုင်းစိုင်းတတ်တယ်။ အသိအမြင်နည်းတော့ ရက်စက်ယုတ်မာတတ်တယ်။ စာကောင်းပေကောင်းနဲ့ဝေးရင် လူတော်လူကောင်းဘဝရလာဖို့ ခက်ခဲသွားတယ်။

တိုတိုချုံ့လို့တင်ပြပါစို့။

ဒီလိုစာပေထဲက လမ်းလွှဲစေခဲ့တဲ့ **"ဘဝစာမေးပွဲ"** ဆိုတဲ့ဝတ္ထုတိုလေးကြောင့် ခြောက်နှစ်တိုင်တိုင် စာမေးပွဲမဖြေဘဲ ခေါင်းမာမာပညာရေးကို မျက်နှာလွှဲဖယ်ခဲ့သူ ထိုလူငယ်လေးတစ်ယောက်ဟာ **ပီမိုးနင်း**ရဲ့ **ဘဝတိုက်ပွဲ၊ အရင်းမစိုက်လေ့ထိုးလိုက်၊ စိတ်ပညာ၊ ကြီးပွားချမ်းသာရေး** အစရှိတဲ့ စိတ်ခွန်အားတိုးတက်ဖွံ့ဖြိုးစေတဲ့စာကောင်းပေကောင်းတွေရဲ့ မှန်ကန်တဲ့ လမ်းကောင်းလမ်းမှန်ကို (သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းက ပီမိုးနင်းရေးတဲ့စာအုပ် ၂၄ အုပ် အစည်းလိုက်လက်ဆောင်ပေးခဲ့လို့ ရလိုက်တဲ့အချိန်ကစလို့) ပြောင်းလဲသွားပါလေတော့တယ်။ ဆယ်တန်းအောင်ကာ တက္ကသိုလ်တက်ဖြစ်သွားတယ်။

**ဆရာကြီးပီမိုးနင်း (၁၈၈၃-၁၉၄၀)**က ဘဝတစ်ခုလုံးပြောင်းလဲပေးနိုင်ခဲ့သူကတော့ အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး **လယ်တွင်းသားစောချစ်(စည်သူဦးတင်လှိုင်)**ဆိုတဲ့ တိုင်းကျိုးပြည်ပြုစာရေးဆရာကြီးတစ်ဦးပါပဲ ခင်ဗျာ။

❖ လမ်းလွဲစေခဲ့တဲ့ "ဘဝစာမေးပွဲ"ဆိုတဲ့ ဝတ္ထုတိုလေးကြောင့် ခြောက်နှစ်တိုင်တိုင် စာမေးပွဲမဖြေဘဲ ခေါင်းမာမာ ပညာရေးကိုမျက်နှာလွှဲဖယ်ခဲ့သူ ထိုလူငယ်လေးတစ်ယောက်ဟာ ပီမိုးနင်းရဲ့ဘဝတိုက်ပွဲ၊ အရင်းမစိုက်လေ့ထိုးလိုက်၊ စိတ်ပညာ၊ ကြီးပွားချမ်းသာရေး အစရှိတဲ့ စိတ်ခွန်အားတိုးတက်ဖွံ့ဖြိုးစေတဲ့စာကောင်းပေကောင်းတွေရဲ့ မှန်ကန်တဲ့လမ်းကောင်းလမ်းမှန်ကို(သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းက ပီမိုးနင်းရေးတဲ့စာအုပ် ၂၄ အုပ် အစည်းလိုက်လက်ဆောင်ပေးခဲ့လို့ ရလိုက်တဲ့အချိန်ကစလို့)ပြောင်းလဲသွားပါလေတော့တယ်။ ❖

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ်တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ပင်လယ်စာကင်းမွန် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ပင်လယ်စာကင်းမွန် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ပင်လယ်စာကင်းမွန် ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ တစ်လတာကာလအတွင်း ပင်လယ်စာကင်းမွန် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖေဖော်ဝါရီလထဲမှာ ပင်လယ်စာကင်းမွန် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မတ်လထဲမှာလဲ ပင်လယ်စာကင်းမွန်တွေ အဝင်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ ရန်ကုန်ကို ကုန်များများတင်ပို့ရောင်းချအားရှိလာပေမဲ့ ကင်းမွန်ငါးဈေးက ငြိမ်နေတယ်။ လပွတ္တာမြို့နယ်ကနေ ထွက်ရှိတဲ့ ပင်လယ်စာကင်းမွန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခု ပြည်ပဈေးကွက်ကနေ ကင်းမွန်တွေ အဝယ်လိုက်လာတယ်လို့ သိရတယ်။ ပြည်ပဈေးကွက် အဝယ်ကောင်းလာရင် အခုထက် အရောင်းအဝယ် သွက်လာဖို့သာရှိပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

အဆိုပါ ပင်လယ်စာကင်းမွန်များကို စနစ်တကျစစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကင်းမွန်များကို ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



## ပေါင်မြို့နယ် ကန်ဖြူကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ပေါင် မတ် ၁၀**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ဖြူကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ကန်ဖြူကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက လိုအပ်သည်များ မှာကြားခဲ့သည်။

ကန်ဖြူကျေးရွာ၌ အရှည် ၂၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ရှစ်ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၆၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် သဒ္ဒါဦးကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**သုတ**

## မင်းဘူး၏ အလှရှုခင်း

\- မမင်းဘူး တည်ထားတဲ့
ရွှေဘုရား ဟောင်း အိုအို
လွမ်းဖွယ့်လိုလို၊
မြို့တစ်ခို
ညို့စိုတဲ့ တောင်တော၊
ရှေးခေတ် အခြေတည်တဲ့
မွေသရီ စေတီထွတ်တို့
ဦးညွှတ်ဖွယ်ပေါ။

\- နဂါးပွတ်တောင် အသွင်ထူးပါဘိ
မင်းဘူးရဲ့ လှတန်ဆောင်
ရှုမြင်ရအောင်၊
ရွှေပြောင်ပြောင်
တောင်ပေါ်ကဘုရား၊
"စက္ကိန္ဒ"အမည်တွင်တဲ့
မြတ်ရှင်ပင် စေတီဦးကို
ဖူးလှည့်ပါလား။

\- မင်းဘူးမြေ တစ်ဖက်ကမ်း
လှမ်း၍တဲ့ မျှော်လိုက်လျှင်၊
"မြသလွန်"စေတီဦး
ဖူးရသည်ပင်၊
ရေအလျဉ်
ငွေအသွင် ဖြူဖွေး၊
ဝမ်းဘဲစင်ရော်တို့
သဲသောင်ပေါ် ဟိုသည်ကူးပါလို့
ရွှေဟသ်ာ ရောင်စုံမြူးတယ်
ကြည်နူးဖွယ်လေး။

\- မန်းချောင်းရေ ခွေကာပတ်တဲ့
ဘုရားမြတ် စက်တော်ရာ၊
အလှဆောင်းပါတဲ့
လတပေါင်း နွေအခါ၌
ဆွေသဟာ အရောက်ကူး ဖူးစေ့ချင်ပါ၊
မင်းဘူးမြို့ဝန်းကျင်မှာ
သာယာလို့ ရှုမညောင်း၊
သစ်ရွက် ရော်ရီက
ဣန္ဒနီ သီဂီနေပါတဲ့
တစ်ချိန်ဆီ စာစီဟောပါတဲ့
တောလားရှင် စာဆိုမြတ်ကို
လွမ်းဆွတ်ဖွယ်ကောင်း။ ။

**မြင်းမူမောင်နိုင်မိုး**

ဇိုးစစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ပါကစ္စတန်သမ္မတဟောင်း အလီဇာဒါရီ သမ္မတအဖြစ် ဒုတိယအကြိမ်ရွေးချယ်ခံရ

**အစ္စလာမ်မာဘတ် မတ် ၁၀**

ပါကစ္စတန် သမ္မတဟောင်း အလီဇာဒါရီသည် လက်ရှိအာဏာရ ညွန့်ပေါင်းအုပ်စု၏ ထောက်ခံမှုဖြင့် ပါကစ္စတန် သမ္မတရာထူးကို မတ် ၉ ရက်တွင် ဒုတိယအကြိမ်ရရှိခဲ့ကြောင်း သိရသည်။

ပါကစ္စတန်သမ္မတသစ် မဲခွဲရွေးချယ်ပွဲကို ပါကစ္စတန်လွှတ်တော်က မတ် ၉ ရက်တွင် ကျင်းပခဲ့ရာ အလီဇာဒါရီက ထောက်ခံမဲ ၄၁၁ မဲထိ ရရှိခဲ့သည်။

အလီဇာဒါရီ၏ပြိုင်ဘက် အမျိုးသားရေးဝါဒီခေါင်းဆောင် မာမွတ်ခန်အချာဇိုင်းက ထောက်ခံမဲ ၁၈၁ မဲသာ ရရှိခဲ့ကြောင်း သိရသည်။

အလီဇာဒါရီသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ပါကစ္စတန်သမ္မတရာထူးကို ရယူခဲ့ဖူးသူဖြစ်သည်။

အလီဇာဒါရီသည် လုပ်ကြံမှုတစ်ခုကြောင့် ကွယ်လွန်ခဲ့ရသည့် ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဆူတို၏ခင်ပွန်းဖြစ်သည်။

အလီဇာဒါရီ အနေဖြင့် ယနေ့တွင် ပါကစ္စတန်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုဖွယ်ရှိသည်ဟု ပါကစ္စတန်ပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## အမေရိကန်အမျိုးသားအစောင့်တပ် ရဟတ်ယာဉ် အမေရိကန်-မက္ကဆီကိုနယ်စပ်အနီး ကင်းလှည့်နေစဉ်ပျက်ကျ သုံးဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိ

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်အမျိုးသားအစောင့်တပ်မှ ရဟတ်ယာဉ်တစ်စင်းသည် အမေရိကန်-မက္ကဆီကို နယ်စပ်တစ်လျှောက် ကင်းလှည့်ပျံသန်းနေစဉ် မတ် ၈ ရက်တွင် ပျက်ကျခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လိုက်ပါသွားသော အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံး၍ တစ်ဦးဒဏ်ရာရခဲ့ပြီး နယ်စပ်ကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင် တစ်ဦးလည်း သေဆုံးခဲ့ရသည်။

ယူအိတ်ချ်-၇၂ လာကိုတာ အမျိုးအစား ၎င်းရဟတ်ယာဉ်သည် တက္ကဆက်ပြည်နယ် ရီယိုဂရန်ဒီ စီးတီးမြို့အနီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို အမေရိကန် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပျက်ကျခဲ့ရသည့် ရဟတ်ယာဉ်သည် ဖက်ဒရယ်အစိုးရ အနောက်တောင်နယ်စပ်ဒေသ ထောက်ပို့မစ်ရှင်တွင်ပါဝင်သော ရဟတ်ယာဉ်ဖြစ်သည်။

ယင်းရဟတ်ယာဉ်သည် တက္ကဆက်ပြည်နယ် ဖို့ဘလစ် ကြည်းတပ်အခြေစိုက်စခန်းတွင် အခြေစိုက်ထားသော ရဟတ်ယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ၂၀၂၃ ခုနှစ်အတွက် ဆော်ဒီ၏ အာရမ်ကိုရေနံကုမ္ပဏီ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၂၁ ဘီလီယံထိရှိ



**ရီယာ့ဒ် မတ် ၁၀**

ဆော်ဒီအာရေဗျနိုင်ငံ၏ နိုင်ငံပိုင် အာရမ်ကို ရေနံကုမ္ပဏီသည် ၂၀၂၃ ခုနှစ်အတွက် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၂၁ ဘီလီယံထိရရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်။

သို့သော် အာရမ်ကိုရေနံကုမ္ပဏီ၏ ၂၀၂၃ ခုနှစ် အကျိုးအမြတ်သည် ရေနံဈေးနှုန်းကျဆင်းခဲ့မှုကြောင့် ၂၀၂၂ ခုနှစ် အကျိုးအမြတ်ထက် ပိုနည်းခဲ့ရသည်။

၂၀၂၂ ခုနှစ်တွင် အာရမ်ကို ရေနံကုမ္ပဏီသည် အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၁၆၁ ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွင်း အကျိုးအမြတ်ကျဆင်းခဲ့ရမှုသည် ရေနံစိမ်းဈေးနှုန်း ကျဆင်းလာမှု၊ ရောင်းချရသည့် ပမာဏနည်းပါးမှုတို့၏ အကျိုးသက်ရောက်မှုဖြစ်ကြောင်း အာရမ်ကိုကုမ္ပဏီ၏ ထုတ်ပြန်ချက်၌ သုံးသပ်ထားသည်။

အာရမ်ကိုကုမ္ပဏီ၏ ၂၀၂၃ ခုနှစ် အခြားရရှိသည့်ဝင်ငွေပမာဏမှာလည်း ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ကျဆင်းသွားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် အာရမ်ကို၏ အခြားရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၄၀ ထိ ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၅၃၅ ဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာကမ်းမြောင်ဒေသအတွက် ယာယီဆိပ်ကမ်းတည်ဆောက်ရန် သင်္ဘောတစ်စီး အမေရိကန်စစ်ဘက်စေလွှတ်

**ဝါရှင်တန် မတ် ၁၀**

ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ရန် သင်္ဘောတစ်စီး စေလွှတ်ထားကြောင်း အမေရိကန်စစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂါဇာဒေသသို့ အကူအညီများ ပေးပို့ရေးအတွက် ယာယီဆိပ်ခံတံတားတည်ဆောက်မည့်အစီအစဉ်ကို သမ္မတဂျိုးဘိုင်ဒင်က ကြေညာခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အဆိုပါသင်္ဘောကို အမေရိကန်စစ်ဘက်ကစေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဂျင်နရယ်ဖရင့်ခ် အက်စ်ဘက်ဆန်အမည်ရှိ အမေရိကန်ကြည်းတပ်ထောက်ပို့သင်္ဘောသည် ဗာဂျီးနီးယားပြည်နယ်မှတစ်ဆင့် ဂါဇာဒေသသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျင်နရယ်ဖရင့်ခ် အက်စ်ဘက်ဆန် ထောက်ပို့သင်္ဘောသည် ဂါဇာ ယာယီဆိပ်ခံတံတား တည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ သယ်ယူသွားကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ရန် ယာယီဆိပ်ကမ်းတည်ဆောက်ရေး အစီအစဉ်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မတ် ၇ ရက်တွင် ကြေညာထားသည်။

ဟားမတ်စ်အုပ်စု ထိန်းချုပ်မှုအောက်သို့ ရောက်ပြီးချိန်မှစ၍ အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ကို ရေတပ်ဖြင့် ပိတ်ဆို့ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## နောင်လာမည့် ၁၅ နှစ်အတွင်း အိန္ဒိယဈေးကွက်၌ ဒေါ်လာ ဘီလီယံ ၁၀၀ ထိ ဥရောပ လေးနိုင်ငံ ရင်းနှီးမြှုပ်နှံမည်

**ဒေလီ မတ် ၁၀**

လွတ်လပ်သည့် ဥရောပကုန်သွယ်ရေးအသင်းဝင် နိုင်ငံများက အိန္ဒိယဈေးကွက်အတွင်း၌ နောင်လာမည့် ၁၅ နှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အိန္ဒိယကုန်သွယ်ရေးဝန်ကြီး ပီယွတ်ရှ်ဂိုယယ်က ယနေ့တွင် ပြောကြားခဲ့သည်။

၁၆ နှစ်နီးပါး ဆွေးနွေးညှိနှိုင်းခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံသည် ယနေ့တွင် လွတ်လပ်သည့် ဥရောပကုန်သွယ်ရေးအသင်းနှင့် စီးပွားရေးသဘောတူညီချက်တစ်ရပ် ရယူနိုင်ခဲ့သည်။




အဆိုပါ သဘောတူညီချက်အရ လွတ်လပ်သည့် ဥရောပကုန်သွယ်ရေးအသင်းဝင် နိုင်ငံများက နောင်လာမည့် ၁၅ နှစ်အတွင်း အိန္ဒိယဈေးကွက်၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အိန္ဒိယကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

အပြန်အလှန်အနေဖြင့် လွတ်လပ်သည့် ဥရောပကုန်သွယ်ရေးအသင်းဝင် နိုင်ငံများကတင်ပို့မည့် စက်မှုထုတ်ကုန် အများစုအပေါ် အခွန်စည်းကြပ်ထားမှုကို အိန္ဒိယနိုင်ငံက ပယ်ဖျက်ပေးရမည်ဖြစ်သည်။

လွတ်လပ်သည့် ဥရောပကုန်သွယ်ရေးအသင်းကို ဆွစ်ဇာလန်၊ နော်ဝေ၊ အိုက်စလန်နှင့် လက်ချင်စတိန်းတို့ဖြင့် ဖွဲ့စည်းထားသည်။

အိန္ဒိယနိုင်ငံသည် ဩစတြေးလျ၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တို့နှင့်လည်း ကုန်သွယ်ရေးသဘောတူညီချက်များ ရယူထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာနှင့်ဘိုးရင်းကုမ္ပဏီက စတားလိုင်နာအာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ် ထပ်မံရွှေ့ဆိုင်းထား



**ဝါရှင်တန် မတ် ၁၀**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်လွှတ်တင်ရေးအစီအစဉ်ကို ထပ်မံရွှေ့ဆိုင်းထားကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် CFT အမည်ရှိ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ယခုနှစ် ဧပြီလလယ်တွင်မူလက လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ် အဝင်အထွက်များနိုင်မှုကြောင့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ယခုနှစ် မေလအစောပိုင်းသို့ ရွှေ့ဆိုင်းထားသည်ဟု နာဆာနှင့်ဘိုးရင်းကုမ္ပဏီက ကြေညာထားသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် CFT မစ်ရှင်အရ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို အက်တလပ်စ်-၅ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

ဘိုးရင်းကုမ္ပဏီနှင့် နာဆာသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူးများမပါဘဲ နှစ်ကြိမ်တိုင်တိုင် စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဘိုးရင်းကုမ္ပဏီသည် နာဆာအဖွဲ့နှင့် ၂၀၁၄ ခုနှစ်အတွင်း ရယူထားသည့် သဘောတူညီချက်အရ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Crew Dragon အာကာသလူသယ်ယာဉ်များ၏ ပျံသန်းနိုင်မှုအရေအတွက်ထပ်တိုးရန် နာဆာနှင့် Space-X ကုမ္ပဏီ စဉ်းစားနေ

**ဝါရှင်တန် မတ် ၁၀**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X အာကာသနည်းပညာကုမ္ပဏီသည် Crew Dragon အာကာသ လူသယ်ယာဉ်များ၏ ပျံသန်းနိုင်မှုအရေအတွက် ထပ်တိုးရန်စဉ်းစားနေကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

နာဆာနှင့် Space-Xအာကာသနည်းပညာကုမ္ပဏီသည် Crew Dragon အာကာသလူသယ်ယာဉ်တစ်စင်းချင်းစီ၏ ပျံသန်းနိုင်မှုအရေအတွက်ကို လက်ရှိ ငါးကြိမ်မှ ၁၅ ကြိမ်ထိမြှင့်တင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်များသည် အာကာသလွန်းပြန်ယာဉ်အစီအစဉ် ၂၀၁၁ ခုနှစ်တွင် အဆုံးသတ်ခဲ့ပြီးနောက် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်များပို့ဆောင်ပေးခဲ့သည့် ပထမဆုံး အမေရိကန် အာကာသ လူသယ်ယာဉ်ဖြစ်ကြောင်း သိရသည်။



နာဆာနှင့်Space-X ကုမ္ပဏီသည် ၂၀၂၀ ပြည့်နှစ် မေ ၃၀ ရက်တွင် Crew Dragon အာကာသလူသယ်ယာဉ်ကို ပထမဆုံးအကြိမ် စတင်လွှတ်တင်ခဲ့သည်။

လက်ရှိအချိန်တွင် နာဆာနှင့် Space-X ကုမ္ပဏီသည် Crew Dragon အာကာသလူသယ်ယာဉ်လေးစင်းကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ Crew Dragon အာကာသ လူသယ်ယာဉ်များအနက် ကြိမ်ရေအများဆုံး ပျံသန်းထားသော အာကာသလူသယ်ယာဉ်မှာ အင်ဒီဗယ်ဗား အာကာသယာဉ်ဖြစ်ပြီး နိုင်ငံတကာ အာကာသစခန်းသို့ ငါးကြိမ်ထိပျံသန်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**မက်ဒရစ် မတ် ၁၀**

နေနှင့်အလားတူသည့် ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

အသစ်ရှာဖွေ တွေ့ရှိထားသော အဆိုပါဂြိုဟ်သစ်ကို TOI-1135b ဟူ၍ နိုင်ငံတကာသိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

TOI-1135b ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေး အာကာသယာဉ်၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

TOI-1135b ဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်းရှိ စနေဂြိုဟ်နှင့် အရွယ်အစားချင်းတူသည့် ဓာတ်ငွေ့ဂြိုဟ်ပူတစ်စင်းဖြစ်သည်ဟု စပိန်နိုင်ငံ လာလာဂူနာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေး အာကာသယာဉ်သည် ယနေ့ထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအဖြစ် ယူဆရသော အာကာသဖြပ်ထည် ၇၁၀၀ ခန့်ထိ ရှာဖွေတွေ့ရှိထားပြီး ၄၂၀ ကို ဂြိုဟ်သစ်များအဖြစ် အတည်ပြုထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

TOI-1135b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၇၁ နှစ်အကွာတွင် တည်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အဝလွန်မှုပြဿနာက မိဘများထံမှအမွေခံရရှိသည့် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်နိုင်

**အော့စ်လို မတ် ၁၀**

အဝလွန်မှုပြဿနာသည် မိဘများထံမှ အမွေခံရရှိသည့် ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၉ ရက်တွင် ပြောကြားသည်။

နော်ဝေနိုင်ငံ အာတိတ်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်တွင် မိဘများကိုယ်တိုင် အဝလွန်ခဲ့ပါက မွေးလာသည့် သားသမီးများသည်လည်း သက်လတ်ပိုင်းအရွယ်၌ အဝလွန်နိုင်ခြေခြောက်ဆ ပိုမြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် အမိအဖနှစ်ဦးအနက် တစ်ဦးတွင်သာ အဝလွန်မှုပြဿနာရှိနေပါကလည်း မွေးဖွားလာသည့် သားသမီးများ၌ သက်လတ်ပိုင်းအရွယ်တွင် အဝလွန်နိုင်ခြေပုံမှန်ထက် သုံးဆကျော်မြင့်တက်လာနိုင်ကြောင်း နော်ဝေသုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ မိမိတို့၏လေ့လာတွေ့ရှိချက်အရ အဝလွန်မှုပြဿနာသည် မိဘများထံမှတစ်ဆင့် ရနိုင်သည့် ကျန်းမာရေးပြဿနာတစ်ရပ်လည်းဖြစ်နိုင်ကြောင်း နော်ဝေသုတေသန ပညာရှင်များက သုံးသပ်ထားသည်။

နော်ဝေ သုတေသနပညာရှင်များသည် လူပေါင်း ၂၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ မိဘများ၏ကိုယ်ခန္ဓာဖြပ်ထုအညွှန်းကိန်း (BMI) သည် ကလေးများ၏ BMI အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ၂၀၂၂ ခုနှစ်အတွင်း ဥရောပတိုက်၌ STIs ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာခဲ့

**ပဲရစ် မတ် ၁၀**

၂၀၂၂ ခုနှစ်အတွင်း ဥရောပတိုက်၌ လိင်မှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါများ (STIs) ဖြစ်ပွားနှုန်း မြင့်တက်လာခဲ့ရကြောင်း သုတေသနပညာရှင်များက မတ် ၉ ရက်တွင် ပြောကြားသည်။

ကိုဗစ်ရောဂါကူးစက်မှု အလွန်ကာလတွင် ဥရောပတိုက်၌ STIs ရောဂါတစ်မျိုးဖြစ်သည့် ဆီးပူညောင်းကျရောဂါ (Gonorrhoea) ဖြစ်ပွားနှုန်းမှာ ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း ဥရောပရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဗဟိုဌာန သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း ဥရောပတိုက်၌ ကာလသားရောဂါ (Syphilis) ဖြစ်ပွားနှုန်းမှာလည်း ၃၄ ရာခိုင်နှုန်း ပိုမြင့်မားလာပြီး ရောဂါဖြစ်ပွားသူဦးရေ ၃၅၀၀၀ ကျော်ထိရှိခဲ့ကြောင်း သိရသည်။

ထိုနည်းတူ ကလာမိုင်ဒီးယား (Chlamydia) ခေါ် ရောဂါတစ်မျိုးဖြစ်ပွားမှုမှာလည်း ၁၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ဖြစ်ပွားသူဦးရေ ၂၁၆၀၀၀ ထိရှိခဲ့သည်။

အထူးသဖြင့် ကိုဗစ်ရောဂါကူးစက်မှုအလွန်ကာလတွင် စပိန်၊ အီတလီနှင့် ဂရိနိုင်ငံတို့၌ လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများဖြစ်ပွားမှု မြင့်တက်လာခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါ ကာလအတွင်း ကျန်းမာရေး စောင့်ရှောက်မှုစနစ်များသည် ကိုဗစ်ရောဂါအပေါ် တွင်သာ အာရုံပြုနေခဲ့ရသည်ဖြစ်ရာ STIs ရောဂါရှာဖွေစစ်ဆေးမှုများ ကျဆင်းခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘွန်ဒက်လီဂါပြိုင်ပွဲတွင် တိုက်စစ်မှူးဟယ်ရီကိန်း လေးကြိမ်မြောက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့



**ဘာလင် မတ် ၁၀**

ဘိုင်ယန်မြူးနစ် အသင်းက မိန့်ဇ်အသင်းကို ရှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူးဟယ်ရီကိန်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် လေးကြိမ်မြောက်ထိ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ယခုပွဲစဉ်တွင် တိုက်စစ်မှူးဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်လာခဲ့ပြီး မိန့်ဇ်အသင်းကိုပွဲစကတည်းက ဖိအားပေးနိုင်သောကြောင့် ပွဲချိန် ၁၃ မိနစ်၊ ပွဲချိန် ၄၅ မိနစ်၊ ပွဲချိန် မိနစ် ၇၀ တွင် တိုက်စစ်မှူးဟယ်ရီကိန်းက အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၂၀ နှင့် ပွဲချိန် မိနစ် ၉၀ ကျော်တွင် ဂိုရက်ဇ်ကာ၊ ပွဲချိန် ၄၇ မိနစ်တွင် မူလာ၊ ပွဲချိန် ၆၀ မိနစ်တွင် မူစီအာလာ၊ ပွဲချိန် ၆၆ မိနစ်တွင် ဂနာဘရီတို့က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း မိန့်ဇ်အသင်းက ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက ရှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယအကြိမ်မြောက် ရှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဟယ်ရီကိန်းအနေဖြင့် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ဘိုချမ်အသင်း၊ ဒမ်စတတ်၊ ဒေါ့မွန်အသင်းတို့ ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယခုပွဲစဉ်အပါအဝင် လေးကြိမ်မြောက် ဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် ကစားသမား ဖြစ်လာခဲ့သည်။

လက်ရှိတွင် တိုက်စစ်မှူးဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါပွဲစဉ် ၂၅ ပွဲကစားအပြီးတွင် သွင်းဂိုး ၃၀ ထိ သွင်းယူနိုင်ခဲ့သဖြင့် ဘောလုံးရာသီတစ်ရာသီအတွင်း အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၄၁ ဂိုးထိသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးဟောင်း လီဝမ်ဒေါစကီးက စံချိန်ကိုလိုက်မီရန် နီးစပ်လျက်ရှိပြီး လက်ကျန်ပွဲစဉ်ကိုးပွဲတွင် သွင်းဂိုး ၁၁ ဂိုး သွင်းယူနိုင်ပါက လီဝမ်ဒေါစကီး၏ စံချိန်ကိုလိုက်မီနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : ML

# တိုက်စစ်မှူး ယာမယ်ကို ယူရိုသန်း ၂၀၀ ဖြင့် ခေါ်ယူရန် ပီအက်စ်ဂျီအသင်းပြင်ဆင်

**ပဲရစ် မတ် ၁၀**

ပီအက်စ်ဂျီ အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည့် တိုက်စစ်မှူးအမ်ဘက်ပီ နေရာတွင် အစားထိုးနိုင်ရန် ဘာစီလိုနာအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူးယာမယ်ကို ယူရိုသန်း ၂၀၀ ဖြင့်ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။

အသက် ၁၆ နှစ်ရှိ တိုက်စစ်မှူးယာမယ်သည် ယခုနှစ်ဘောလုံးရာသီမှ အသင်းကြီးနှင့် စတင်ပူးပေါင်းခွင့်ရခဲ့ပြီး ၎င်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကာ အသက်အငယ်ဆုံးဖြင့် ဂိုးသွင်းယူနိုင်သည့် ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် ပြီးခဲ့သည့် မာယောကာအသင်းနှင့်အမှတ်ပေးပွဲစဉ်တွင်လည်း အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပီအက်စ်ဂျီအသင်းက ကစားသမား၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးရန်ကြိုးပမ်းနေပြီး ဘာစီလိုနာအသင်းဥက္ကဋ္ဌနှင့်တွေ့ဆုံသွားမည်ဖြစ်သောကြောင့် အပြောင်းအရွှေ့ဖြစ်မြောက်ခဲ့ပါက ယာမယ်သည် ပီအက်စ်ဂျီအသင်းသမိုင်းတွင် ဒုတိယမြောက် ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားဖြစ်လာမည်ဖြစ်သည်။

ဘာစီလိုနာအသင်းအနေဖြင့် လာမည့် ၂၀၂၆ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် လူငယ်ကစားသမားယာမယ်ကို ရောင်းချသွားရန် ဆန္ဒမရှိသော်လည်း အသင်းတွင်ရှိသည့် ကစားသမားများ၏ လုပ်ခလစာကြီးမြင့်မှုကြောင့် ယာမယ်ကိုရောင်းချ၍ ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : ML



# ခံစစ်ကစားသမား ယိုရိုကိုခေါ်ယူမည့် အသင်းများထဲတွင် မန်ယူအသင်းပါဝင်လာ

**မန်ချက်စတာ မတ် ၁၀**

ယခုနှစ်ဘောလုံးရာသီ လိုင်လီအသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမား ယိုရိုကို လီဗာပူးအသင်း၊ပီအက်စ်ဂျီအသင်း၊ ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ အဆိုပါအသင်းများတွင် မန်ယူအသင်းလည်းပါဝင်လာခဲ့သည်။

အသက် ၁၈ နှစ်ရှိ ယိုရိုသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၂၃ ပွဲထိ ပါဝင်ခွင့်ရခဲ့ပြီး သွင်းဂိုး နှစ်ဂိုးသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် လာမည့်နှစ် ဘောလုံးရာသီတွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် လီဗာပူးအသင်းအပါအဝင် ဥရောပထိပ်သီးကလပ်အသင်းများက ချိတ်ဆက်နေချိန်တွင် မန်ယူအသင်းက လက်ဦးမှုရယူနိုင်ရန်ကြိုးပမ်းခဲ့သည်။

ခံစစ်ကစားသမား ယိုရိုသည် လိုင်လီအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီး မည်သည့်အသင်းအားပြောင်းရွှေ့မည်ကို ၎င်းအနေဖြင့် ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။

လူငယ်ကစားသမား ယိုရိုသည် ၂၀၂၁ ခုနှစ်တွင် လိုင်လီ(ဘီ) အသင်းသို့ စတင်ရောက်ရှိခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၂ ခုနှစ် ဧပြီလတွင် အသင်းကြီးသို့ ရောက်ရှိခဲ့ကာ ပါဝင်ကစားသည့် ပြိုင်ပွဲစုံ ၄၈ ပွဲတွင် သွင်းဂိုး သုံးဂိုးထိ သွင်းယူ၍ ခြေစွမ်းပြသခဲ့သောကြောင့် မန်ယူအသင်းက ခံစစ်ပိုင်းအားနည်းချက်အတွက် ယိုရိုကို ခေါ်ယူရန်ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းသည် ဘယ်တောင်ပံခံစစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန် အခက်တွေ့နေသောကြောင့် လာမည့်အပြောင်းအရွှေ့တွင် ဘယ်တောင်ပံခံစစ်ပိုင်းအပြင် ဗဟိုခံစစ်ပိုင်းကိုပါ ထပ်မံဖြည့်တင်းရန် ဦးစားပေးပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# မန်ယူအသင်းသမိုင်းတစ်လျှောက် ပင်နယ်တီသွင်းဂိုးအများဆုံး ကစားသမားဖြစ်သည့် နစ္စတယ်ရွိုင်း၏စံချိန်ကို ဖာနန်ဒက်ကျော်ဖြတ်

**မန်ချက်စတာ မတ် ၁၀**

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့ ပွဲစဉ်တွင် မန်ယူအသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်က ပင်နယ်တီမှတစ်ဆင့် အသင်းအတွက်သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်းသမိုင်းတစ်လျှောက် ပင်နယ်တီသွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် နစ္စတယ်ရွိုင်း၏ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းက အဲဗာတန်အသင်းကို အိမ်ကွင်းတွင် နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဖာနန်ဒက်က ပွဲချိန် ၁၂ မိနစ်တွင် ဂါနာချိုကြောင့်ရရှိခဲ့သည့် ပင်နယ်တီကို အသင်းအတွက်သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီးနောက် မန်ယူအသင်းနှင့်အတူ ပင်နယ်တီမှတစ်ဆင့် သွင်းဂိုး ၂၉ ဂိုးထိရှိလာခဲ့ပြီး နစ္စတယ်ရွိုင်း၏ ပင်နယ်တီသွင်းဂိုးစံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် ဖာနန်ဒက်မတိုင်မီက ဂန္ထဝင်ကစားသမား တစ်ဦးဖြစ်သည့် နစ္စတယ်ရွိုင်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၀ တွင် ပင်နယ်တီ ၃၄ ကြိမ်ကန်သွင်းခဲ့ရာတွင် ပင်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုး ၂၈ ဂိုးထိသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် ပင်နယ်တီသွင်းဂိုး ၂၉ ဂိုးထိရှိလာခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပင်နယ်တီသွင်းဂိုးအများဆုံး ကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်သွင်းဂိုး ၄၈ ဂိုးထိရှိလာခဲ့ပြီးနောက် ဘာဘာတော့ဗ်၊ဗန်ပါစီနှင့်ဒွိုက်ယော့ခ်တို့၏ ပရီးမီးယားလိဂ်သွင်းဂိုးစံချိန်ကိုလိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : STA



## အားကစားသတင်း အတိုအထွာများ

- မာယော့ကာနှင့်ပွဲစဉ်တွင် ဒဏ်ရာရခဲ့သည့် တောင်ပံကစားသမား ရာဖင်ဟာအနေဖြင့် မတ် ၁၃ ရက်တွင် နာပိုလီအသင်းနှင့်ကစားရမည့်ပွဲစဉ်တွင် ပါဝင်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက ဆိုစီဒက်အသင်းသို့ အငှားချထားသည့် ခံစစ်ကစားသမား တီယာနေးကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၂၀ ရရှိပါက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ML

**ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) ရလဒ်**

| | | | | | |
|---|---|---|---|---|---|
| အေဗီလာ | ၀ | - | ၄ | စပါး | |
| ဘရိုက်တန် | ၁ | - | ၀ | နော်တင်ဟမ် | |
| ဝက်စ်ဟမ်း | ၂ | - | ၂ | ဘန်လေ | |
| လီဗာပူး | ၁ | - | ၁ | မန်စီးတီး | (၀၄၀) |

# လူငယ်လူရွယ်များနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးတာဝန်

စိုးမိုးအေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ နဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်တဲ့နေ့ရက်ကို သတ်မှတ်ခဲ့ပါတယ်။ အဲဒီအမိန့်ကြော်ငြာစာမှာ “၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်”လို့ ဖော်ပြသတ်မှတ်ခဲ့ပါတယ်။

မိမိတို့နိုင်ငံမှာ မကြုံဖူးသေးတဲ့ကိစ္စဖြစ်တာရယ်၊ ပြည်ပသြဇာခံ ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်သစ္စာဖောက်တွေက အဖျက်သဘောနဲ့ကောလာဟလ ထုတ်လွှင့်မှုတွေရယ်ကြောင့် ပြည်သူတွေအတွင်းမှာ စိုးရိမ်ပူပန်မှုတွေ ရှိလာကြပါတယ်။ ပြည်သူအများစုဟာ ထုတ်ပြန်လိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းကို ဂယနဏမလေ့လာကြဘဲ ဒေါသပြောစကားတွေကိုနားယောင်ကြပြီး စိုးရိမ်လာကြပါတယ်။ ဒါကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်တဲ့အကြောင်းအရာနဲ့ အခြေအနေတွေကို နိုင်ငံတော်အကြီးအကဲတွေက အလျဉ်းသင့်တိုင်း ရှင်းလင်းပြောကြားနေကြသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်ကလဲ စဉ်ဆက်မပြတ်ရှင်းလင်းပြောကြားပေးနေပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်ရင် ပုဂံခေတ်ကနေ ကုန်းဘောင်ခေတ်နှောင်းထိ နှစ်ပေါင်းများစွာ အမြဲတမ်းတပ်မတော်ဆိုတာမရှိပေမဲ့ တိုင်းပြည်အတွက် စစ်မက်ရေးရာတွေပေါ်ပေါက်လာတဲ့အခါမှပဲ ကျန်းမာ၊ သန်စွမ်း၊ ရဲရင့်တဲ့သူတွေကို ဆင့်ခေါ်စုစည်းပြီး တိုက်ပွဲဝင်တိုက်ခိုက်ခဲ့ကြပါတယ်။ လိုအပ်သလို ဆင့်ခေါ်နိုင်ဖို့ မြို့ပြအကြီးအငယ်ပေါ်မူတည်ပြီး ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့တွေကို ဖွဲ့စည်းတည်ဆောက်ခဲ့ကြပါတယ်။ စစ်မက်အရေးမပေါ်ရင် သာမန်လယ်သမား၊ကုန်သွယ်သူတွေအဖြစ်နေထိုင်ကြပြီး စစ်မက်ရေးရာပေါ်ပေါက်လာပြီဆိုရင် စစ်သည်တော်တွေအဖြစ် တိုင်းပြည်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ခဲ့ကြကြောင်း လေ့လာမှတ်သားဖူးပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်က တပ်မတော်တပ်မှူးများညီလာခံမှာ ပြည်သူ့စစ်မဟာဗျူဟာကိစ္စကို စတင်ဆွေးနွေးခဲ့ပြီး ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို လက်ခံရေးဆွဲခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ အရင်ရှိပြီးသားဖြစ်တဲ့ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြင်ဆင်ပြီး ဥပဒေအမှတ် ၂၇/၂၀၁၀ အဖြစ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေဟာ အာဏာတည်တဲ့နေ့ သတ်မှတ်ခဲ့တာ မရှိသေးပါဘူး။ ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ပြီး အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ အမိန့်ကြော်ငြာစာအမှတ် ၂၇ / ၂၀၂၄ နဲ့ သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀၊ အပိုဒ်ခွဲ (ဃ) မှာ “တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်”လို့ ပြဋ္ဌာန်းထားသလို ပုဒ်မ ၃၃၉ မှာ “နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်”လို့ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၄၀ မှာလဲ “တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်”လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**❖ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်စေတာဟာ လက်ရှိအစိုးရတစ်ဆက်အတွက်မဟုတ်ဘဲ နိုင်ငံတော်ရဲ့ ရေရှည်အကျိုးကိုမျှော်မှန်းပြီး ဆောင်ရွက်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့တည်ငြိမ်အေးချမ်းမှုနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို လိုလားကြပါတယ်။ ဒီလိုလားချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် မိဘပြည်သူအပေါင်းက ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ❖**

ဒါ့ပြင် ပုဒ်မ ၃၈၅ မှာ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်”လို့ ပြဋ္ဌာန်းထားသလို ပုဒ်မ ၃၈၆ မှာ “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်”လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၈၄ မှာ “နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်”လို့ ပြဋ္ဌာန်းထားပြီးဖြစ်တာကြောင့် သတ်မှတ်ချက်ကိုက်ညီတဲ့လူငယ်လူရွယ်တွေဟာ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အညီ ပါဝင်ဆောင်ရွက်ခွင့်ရကြမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေရဲ့နိဒါန်းပိုင်းမှာ “နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း” လို့ ဖော်ပြထားချက်အရ သတ်မှတ်ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်တာဖြစ်ကြောင်း သိရပါတယ်။

ကမ္ဘာပေါ်မှာ စစ်မှုမထမ်းမနေရ ဥပဒေကိုပြဋ္ဌာန်းထားတဲ့နိုင်ငံတွေ ရှိပါတယ်။ အချို့အပိုင်းတွေမှာ အမျိုးသားစစ်မှုထမ်းစနစ်ဆိုတဲ့ ခေါင်းစဉ်မျိုးတွေနဲ့ ပြဋ္ဌာန်းထားပြီး ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ကျင့်သုံးနေပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံကျင့်သုံးပုံချင်း မတူညီကြဘဲ လက်တွေ့ကျင့်သုံးတဲ့နိုင်ငံ၊ လက်တွေ့မကျင့်သုံးတဲ့နိုင်ငံ၊ တစ်စိတ်တစ်ပိုင်းပဲ ကျင့်သုံးတဲ့နိုင်ငံနဲ့ အချိန်ပိုင်းပဲကျင့်သုံးတဲ့နိုင်ငံဆိုပြီး ကွာခြားချက်တွေလဲ ရှိပါတယ်။ ကမ္ဘာပေါ်ရှိနိုင်ငံတချို့မှာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတို့အတွက် ပြည်သူတွေမှာ တာဝန်ရှိတာမို့ ဥပဒေတွေပြဋ္ဌာန်းချမှတ်ကျင့်သုံးနေကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ပြည်သူ့စစ်မှုထမ်းဥပဒေမှာ စစ်မှုထမ်းရမဲ့ အသက်အရွယ်ရောက်သူဆိုတာ အမျိုးသားဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီးအရွယ်ကနေ ၃၅ နှစ်မပြည့်သေးတဲ့ နိုင်ငံသားတိုင်း၊ အမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီးအရွယ်ကနေ အသက်၂၇ နှစ်မပြည့်သေးတဲ့ နိုင်ငံသားတိုင်းကို ဆိုလိုပါတယ်။ ကျွမ်းကျင်သူအမျိုးသားဖြစ်ရင် အသက် ၁၈ နှစ်ပြည့်ပြီးအရွယ်ကနေ အသက် ၄၅ နှစ်မပြည့်သေးတဲ့ နိုင်ငံသားတွေ၊ အမျိုးသမီးဖြစ်ရင် အသက် ၁၈ နှစ်ပြည့်ပြီးအရွယ်ကနေ အသက် ၃၅ နှစ်မပြည့်သေးတဲ့ နိုင်ငံသားတွေကို ဆိုလိုပါတယ်။ ကျွမ်းကျင်သူဆိုတာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာ တတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်နဲ့အသက်မွေးဝမ်းကျောင်းနေသူတွေကို ဆိုလိုပါတယ်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်တွေကို သတ်မှတ်ပြဋ္ဌာန်းချက်တွေနဲ့အညီ လက်ရှိမှာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၊ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တွေကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အလားတူခရိုင်၊ မြို့နယ် အဆင့်တွေကို ဆက်လက်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။

စစ်မှုထမ်းရမဲ့အသက်အရွယ်ရောက်ရှိတဲ့ နိုင်ငံသားတိုင်းကို ၂၄ လထက်မပိုတဲ့ ကာလအပိုင်းအခြားအတွက် ဆင့်ခေါ်နိုင်ပြီး တပ်မတော်စက်မှုလက်မှုပညာသည်တွေအဖြစ် အမှုထမ်းဖို့ဆင့်ခေါ်ခြင်းခံရသူ (ကျွမ်းကျင်သူ)တွေကို ၃၆ လထက်မပိုတဲ့ ကာလအပိုင်းအခြားထိ ဆင့်ခေါ်နိုင်ပါတယ်။ ဒီလိုဆင့်ခေါ်တဲ့အခါ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်နိုင်ဖို့ အကျုံးဝင်တဲ့အင်အားက ၁၃ သန်းရှိပါတယ်။ အဲဒီထဲမှာ အမျိုးသားအင်အားက ၆ ဒသမ ၃ သန်းနဲ့ အမျိုးသမီး အင်အားက ၇ ဒသမ ၇ သန်း ရှိပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းတွေကိုဆင့်ခေါ်ရာမှာ အမျိုးသမီးတွေကို လတ်တလော ဆင့်ခေါ်ဖို့ အစီအစဉ်မရှိသေးကြောင်း သိရပါတယ်။ ဖော်ပြပါကိန်းဂဏန်းတွေအရ ရပ်ကွက်တစ်ခုမှာ စစ်မှုထမ်းဆောင်ဖို့၊ ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ တစ်ဦး သို့မဟုတ် နှစ်ဦးထက် ပိုစရာမရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်က ပြောကြားထားပါတယ်။

ပြည်သူ့စစ်မှုထမ်းတွေအတွက် ခံစားခွင့်တွေအနေနဲ့ တပ်မတော်မှာ သတ်မှတ်ထားတဲ့အဆင့်အလိုက် လစာနဲ့စရိတ်အတိုင်း ခံစားခွင့်ရှိခြင်း၊ စစ်မှုထမ်းကာလအတွင်း သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတွေရှိခဲ့ရင် တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနဲ့ အကျုံးဝင်ပါက တပ်မတော်မှာ သတ်မှတ်ထားတဲ့ခံစားခွင့်တွေ ရရှိခြင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ်တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးကို ၎င်းတာဝန်ထမ်းဆောင်နေတဲ့ကာလကို တာဝန်ချိန်အဖြစ်သတ်မှတ်ပေးခြင်း၊ တပ်မတော်ကို ဝင်ရောက်အမှုထမ်းလိုပါက သတ်မှတ်စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ စစ်မှုထမ်းခွင့်ပြုခြင်း၊ ပါရဂူဘွဲ့၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘွဲ့ရသူတွေနဲ့ အခါအားလျော်စွာ သတ်မှတ်အရည်အချင်းပြည့်စုံသူတွေကို ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းစတာတွေဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ရမဲ့သူတွေကတော့ သာသနာ့ဝန်ထမ်းတွေ၊ အိမ်ထောင်သည်အမျိုးသမီးတွေ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးတွေလည်း ပါဝင်ပါတယ်။) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူတွေ၊ တပ်မတော်ဆေးစစ်ဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန်အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သက်သေခံလက်မှတ်ရရှိထားသူတွေနဲ့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဘုတ်အဖွဲ့က အမိန့်ထုတ်ပြန်ပြီး ကင်းလွတ်ခွင့်ပြုထားသူတွေဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ပြီးနောက်ပိုင်းမှာ ပြည်သူတွေနဲ့ လူငယ်လူရွယ်တွေကို စိုးရိမ်ထိတ်လန့်စေမဲ့ သတင်းတု၊ သတင်းမှားတွေ၊ ကောလာဟလတွေကို ပြည်ပမီဒီယာတချို့နဲ့ ပြည်ပသြဇာခံအဖျက်မီဒီယာတွေက ထိုးနှက်ခြိမ်းခြောက်လာကြပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပါဝင်ရပြီဆိုရင် ဒီနေ့ပဲ သေနတ်ကိုင်၊ ဒီနေ့ပဲ ရှေ့တန်းထွက်တိုက်ပွဲတွေဝင်ရမဲ့သဘောမျိုးတွေ ထုတ်လွှင့်နေကြပါတယ်။ တကယ်တော့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေလို စစ်ပညာ၊ နိုင်ငံတော်ကာကွယ်ရေးပညာတွေကို အပြည့်အဝသင်ကြားကြရအုံးမှာဖြစ်ပါတယ်။ ဒါ့ပြင် ကွန်ပျူတာ၊ အိုင်တီကျွမ်းကျင်သူတွေက Cyber တိုက်ခိုက်ခံရမှုကာကွယ်ရေးတာဝန်၊ စီးပွားရေးကျွမ်းကျင်သူတွေက မိမိနိုင်ငံကို စီးပွားရေးအရ ထိုးနှက်တိုက်ခိုက်လာတာတွေကို ကာကွယ်တဲ့တာဝန်တွေ ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ မိမိနဲ့သက်ဆိုင်တဲ့၊ ကျွမ်းကျင်တဲ့ပညာရပ်တွေအလိုက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ဖို့ အခြေခံစစ်ပညာကိုလဲ သင်ကြားကြရပါမယ်။

စစ်ပညာသင်ကြားရတဲ့အတွက် စည်းကမ်းစနစ်တကျ သွားလာနေထိုင် စားသောက်တတ်လာမယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းလာမယ်။ ဖွံ့လုံ့လဝီရိယ သတ္တိတွေ အသုံးချလာနိုင်မယ်။ နိုးကြားတက်ကြွတဲ့စိတ်ဓာတ်တွေ ရှိလာမယ်။ မိမိကိုယ်ကို ယုံကြည်မှုတွေရှိလာမယ်။ အများနဲ့ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေရလာမယ်။ အမိန့်နာခံတတ်မှုနဲ့ အမိန့်ပေးတတ်မှုတွေ ဖြစ်ထွန်းလာမယ်။ စည်းလုံးညီညွတ်စွာ နေထိုင်တတ်လာမယ်။ ကိုယ်ချင်းစာစိတ်တွေနဲ့ တစ်ဖက်သားအပေါ် မှာစာနာတတ်လာမယ်။ နိုင်ငံနဲ့လူမျိုးအပေါ် ချစ်မြတ်နိုးတဲ့စိတ်၊ ကာကွယ်လိုတဲ့စိတ်တွေ ကိန်းအောင်းလာမယ်ဆိုတာတွေ မလွဲမသွေခံစားကြရမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်စေတာဟာ လက်ရှိအစိုးရတစ်ဆက်အတွက်မဟုတ်ဘဲ နိုင်ငံတော်ရဲ့ ရေရှည်အကျိုးကိုမျှော်မှန်းပြီး ဆောင်ရွက်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့တည်ငြိမ်အေးချမ်းမှုနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို လိုလားကြပါတယ်။ ဒီလိုလားချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် မိဘပြည်သူအပေါင်းက ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်တွေကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြမဲ့ လူငယ်လူရွယ်တွေအနေနဲ့လဲ ကျရာတာဝန်တွေကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

**ကိုးကား**

**– နေ့စဉ်ထုတ် သတင်းစာများ**

# ရွှေတိဂုံစေတီတော်၏ ခေတ်အဆက်ဆက်ပုံရိပ်များ ဓာတ်ပုံပြပွဲ မတ် ၂၉ ရက်တွင် ပြသသွားမည်



**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ရွှေတိဂုံစေတီတော်၏ ခေတ်အဆက်ဆက်ပုံရိပ်များဓာတ်ပုံပြပွဲကို မတ် ၂၉ ရက်တွင် ပြသသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဌေးလှိုင်က ပြောပြ၍ သိရသည်။

ရွှေတိဂုံစေတီတော်၏ ခေတ်အဆက်ဆက်ပုံရိပ်များ ဓာတ်ပုံပြပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ ချမ်းသာကြီးတန်ဆောင်းတွင် မတ် ၂၉ ရက်မှ ဧပြီ ၇ ရက်ထိ ခင်းကျင်း ပြသသွားမည်ဖြစ်ကာ ဓာတ်ပုံပေါင်း ၂၀၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကင်မရာစပေါ်တဲ့ကာလကနေ ကနေ့ခေတ်ထိ ရွှေတိဂုံစေတီတော်ကို ရိုက်ကူးထားတဲ့ဓာတ်ပုံ ၂၀၀ လောက်ကို ပြသသွားမှာဖြစ်ပါတယ်။ ကင်မရာစတင်ပေါ်ပေါက်လာတဲ့ကာလ ကိုလိုနီခေတ်ဦးက ဓာတ်ပုံတွေကတစ်ဆင့်မြန်မာတို့ရဲ့ ဝတ်စားဆင်ယင်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုတွေကိုလဲ ဓာတ်ပုံတွေကနေ လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ နောက်တစ်ခုကလဲ ကိုလိုနီခေတ် သူ့ကျွန်ဘဝမှာကတည်းက မြန်မာတွေဟာ ရွှေတိဂုံစေတီတော်ကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသလဲဆိုတာလဲ မြင်ရမှာဖြစ်ပါတယ်။ ဓာတ်ပုံတွေကတော့ ဘုရားကြီးရဲ့မော်ကွန်းတိုက်မှာ ထိန်းသိမ်းထားတဲ့ဓာတ်ပုံတွေ၊ ဂေါပကအဆက်ဆက်ရဲ့မှတ်တမ်းပုံတွေ၊ လှူမှုကွန်ရက်နဲ့ ခေတ်အဆက်ဆက်ပြည်တွင်း၊ ပြည်ပ စာနယ်ဇင်းတွေမှာ ဖော်ပြခဲ့တဲ့စေတီတော်ရဲ့ပုံရိပ်တွေကို စုစည်းပြသမှာဖြစ်ပါတယ်"ဟု ဦးဌေးလှိုင်က ပြောပြသည်။

အဆိုပါဓာတ်ပုံပြပွဲတွင် ကိုလိုနီခေတ် ၁၈၀၀ ပြည့်နှစ်ခန့်မှစတင်ကာ မျက်မှောက်ကာလထိ ခေတ်အဆက်ဆက် သာသနိကအဆောက်အအုံများမြင်ကွင်း၊ ရှေးမြန်မာတို့၏ သဒ္ဓါထက်သန်သည့်မြင်ကွင်းများ၊ ဘာသာတရားရှိသေကိုင်းရှိုင်းပုံ ပုံရိပ်များကို ဓာတ်ပုံများမှတစ်ဆင့် မြင်တွေ့ခံစားရမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Accountant-2 ဇာတ်ကား ရိုက်ကူးမှု ယခုနှစ်အတွင်း စတင်မည်

**နယူးယောက် မတ် ၁၀**

Amazon MGM စတူဒီယိုက The Accountant-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်အတွင်း စတင်မည်ဖြစ်ကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။


Accountant-2 ဇာတ်ကားတွင် မင်းသား ဘင်အက်ဖလက်က စာရင်းကိုင် ကြေးစားလုပ်ကြံရေးသမား ခရစ္စတီယန်ဝုအဖြစ်ပြန်လည်ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါဇာတ်ကားတွင် မူလ Accountant (2016) ဇာတ်ကားမှ အဓိကသရုပ်ဆောင်တစ်ဦးဖြစ်သည့် ဂျွန်ဘန်းသဲလည်း ပြန်လည်ပါဝင်လာသည်။

The Accountant-2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဘီဒူဘူကီက ရေးသားပေးထားပြီး ဒါရိုက်တာ ဂါဗင်အိုကွန်နာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

The Accountant-2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# ကျောက်တံတားမြို့နယ် ရွှေခေတ်ဦး Art Gallery တွင် Walkers With The Past Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရွှေခေတ်ဦး Art Gallery တွင် Walkers With The Past Art Exhibition ပန်းချီပြပွဲကို မတ် ၉ ရက်မှစ၍ ပြသလျက်ရှိကြောင်း အဆိုပါ Walkers With The Past Art Exhibition ပန်းချီပြပွဲတွင် ပါဝင်ပြသထားသူ ပန်းချီ တေဇလင်းက ပြောပြ၍ သိရသည်။

Walkers With The Past Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ တေဇလင်း၊ ပန်းချီ ဇင်မင်းလှိုင်၊ ပန်းချီ ရှားလေး၊ ပန်းချီ အောင်ပန်းချီတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ အကြောင်းအရာစုံ ပန်းချီကား ၁၀၀ ကျော်ကို ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ဒီပန်းချီပြပွဲကတော့ ရန်ကုန်နဲ့ မန္တလေးအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဆင်း ပန်းချီဆရာတွေရဲ့ လက်ရာတွေကို တစ်စုတစ်စည်းတည်း မြင်ရမှာဖြစ်ပါတယ်။ ရိုးရာဟန်နဲ့ ခေတ်အမြင်၊



ခေတ်အသွေးတွေ၊ ဒီဇိုင်းဆန်းဆန်းတွေကို မြင်ရမှာပါ။ မတ် ၉ ရက်ကနေ မတ် ၁၁ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးနိုင်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လေ့လာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု ပန်းချီ တေဇလင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခြောက်သိန်းမှ အများဆုံး ငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။ ASH

# Netflix ကုမ္ပဏီ၏ ဇာတ်ကားသစ်တွင် မင်းသမီး လော်ရာဒန်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မတ် ၁၀**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားသစ်အတွက် မင်းသမီး လော်ရာဒန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၉ ရက် သတင်းများအရ သိရသည်။

ဇာတ်ကားနာမည်မပေးရသေးသည့် အဆိုပါဇာတ်ကားသစ်တွင် မင်းသမီး လော်ရာဒန်းသည် မင်းသား ဂျော့ကလိုနေး၊ အဒစ်ရှင်းဒလားတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။


လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မင်းသမီး လော်ရာဒန်းသည် ဒါရိုက်တာ နိုအာဘောင်းဘက်၏ Marriage Story ဇာတ်ကားဖြင့် ပထမဆုံးအော်စကာဆုရရှိခဲ့သည်။

ထို့ပြင် မင်းသမီး လော်ရာဒန်းသည် Rambling Rose နှင့် Wild ဇာတ်ကားများအတွက်လည်း အော်စကာဆု ဆန်ခါတင်စာရင်းများ၌ ပါဝင်ခဲ့ဖူးသည်။

လက်ရှိအချိန်တွင် မင်းသမီး လော်ရာဒန်း ပါဝင်သရုပ်ဆောင်မည့်ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲဝင် ဆုရဓာတ်ပုံများပြပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

၅၇ ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲဝင်ဆုရဓာတ်ပုံများပြပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက ပြောပြ၍ သိရသည်။

၅၇ ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲဝင် ဆုရဓာတ်ပုံများပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Times City တွင် မတ် ၂၁ ရက်မှစ၍ မတ် ၂၅ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဓာတ်ပုံအသင်းရဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပလျက်ရှိရာမှာ ဒီနှစ်ဆိုရင်တော့ ၅၇ ကြိမ်ရှိခဲ့ပါပြီ။ ၂၀၂၄ ခုနှစ် ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဓာတ်ပုံတွေကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလလောက်ကတည်းက ဖိတ်ခေါ်ပြီးတော့ ဒီဇင်ဘာ ၃၁ ရက်မှာ ပိတ်လိုက်ပါတယ်။ အကဲဖြတ်ဒိုင်တွေက အကဲဖြတ်အမှတ်ပေးမှုတွေကို ၂၀၂၄ ဇန်နဝါရီလကတည်းက ဆောင်ရွက်ပြီးတော့ ဖေဖော်ဝါရီလကုန်မှာ အပြီးသတ်ပြီး မတ်လမှာ ဆုရဓာတ်ပုံတွေပေါ်ထွက်လာပါတယ်။ ဒီနှစ်ကတော့ ကဏ္ဍခြောက်ခုမှ ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၇၀၀ ကျော် ယှဉ်ပြိုင်ထားတာဖြစ်ပါတယ်။ ဆုရဓာတ်ပုံပြပွဲကိုတော့ မတ် ၂၁ ရက်ကနေ မတ် ၂၅ ရက်ထိ Times City ငါးလွှာမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဆုချီးမြှင့်ပွဲကိုလဲ အဲဒီနေရာမှာပဲ ပြပွဲပထမနေ့မှာ ကျင်းပသွားဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက ပြောပြသည်။

၅၇ ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲတွင် ကဏ္ဍ ခြောက်ခုအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများအပါအဝင် ဆုပေါင်း ၃၆ ဆုချီးမြှင့်ပေးမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆု The Best Photographer of the Year 2023 ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Farmers in Budalin Township harvest 2,593 acres of winter sweet corn


Newly harvested winter sweet corn.

**Budalin March 10**

A total of 2,593 acres of winter corn planted in Budalin Township, Monywa District, Sagaing Region, have been harvested during the 2023-2024 winter crop planting season, according to Department of Agriculture for Budalin Township.

The corn fields planted in Budalin Township during the 2023-2024 winter crop planting season have been harvested since February this year. So far, 2,593 acres of corn have been harvested and one acre of corn produced 15,000 units.

"We are providing awareness for the success of corn crops, and providing awareness to prevent the spread of pests," said U Phyo Wai, Head of the Department of Agriculture for Budalin Township.

During the 2023-2024 winter crop planting season, 2,942 acres of maize have been earmarked to be planted in Budalin Township and 2,593 acres were cultivated from October 2023 to December.

In addition to selling corn, it is also sold as feed for cattle, so farmers get more income.

206

# Yinmabin District grows more than 9,000 acres of onion in winter

**Yinmabin March 10**

A total of 9,846 acres of winter onion were cultivated in Yinmabin District of Sagaing Region, according to the Yinmabin District Agriculture Department.

The district targeted to grow 9,095 acres of onion as winter crops in 2023-24 financial year, and so far, a total of 9,846 acres of onion has been cultivated exceeding the target cultivation.

"This year, we earmarked cultivation of 9,095 acres of winter inion, but we could expand sown acreage of onion in the district. Local farmers grow onion in only winter but monsoon. They expand sown acreage year after year and the department links market share with local farmers for fetching good prices," said Daw Myat Moe Win, Head of Yinmabin District Agriculture Department.

In the district, Yinmabin Township grows 3,179 acres of onion, Kani Township 519 acres, Salingyi Township 3,948 acres and Pale Township 2,200 acres, totalling 9,846.

With regard to planning to grow onion, Yinmabin Township will cultivate 3,000 acres, Kani Township 470 acres, Salingyi Township 3,525 acres and Pale Township 2,100 acres, totalling 9,095.


Vast stretches of onion plantations.

Onion cultivation costs K1.8 million per acres, yielding 5,000 viss per acre. This year, local farmers have linkages of markets thanks to the township agriculture department which helps them systematically store onion and apply GAP for having quality onion.

The townships which cultivate the largest sown acre of onion are Monywa, Yinmabin, ChaungU, Shwebo and Myinmu Townships in Sagaing Region.

206

# More than 1,000 acres of paddy grown in Myinmu Township in summer

**Myinmu March 10**

The statistics of Sagaing District Agriculture Department indicated that a total of 1,005 acres of farmlands have been placed under summer paddy in Myinmu Township of Sagaing District in Sagaing Region this summer.

Local farmers have so far cultivated 1,005 acres of summer paddy exceeding the target of 1,950 acres in Myinmu Township in 2023-24 financial year.

Daw Thida Lwin, head of Sagaing District Agriculture Department, said, "We targeted cultivation of 1,950 acres of summer paddy in the township this summer. So far, local farmers have grown 1,005 acres of summer paddy exceeding the target. Moreover, staff of the department help local farmers use quality strains of paddy for having higher per-acre yield."

During the period from February to April 2023, local farmers cultivated 1,874 acres of summer paddy against the target of 1,900 acres in 2022-23 financial year.

Staff members of relevant agriculture departments help local farmers use quality strains of paddy, make natural fertilizers and timely grow summer crops in Myinmu Township.

Farmers have been warned to follow directives of the Agriculture Department on prevention of pests at croplands, fortify soil and store quality strains of paddy and crops.

206

# UN envoy urges unified government to lead Libya to elections

**Tripoli March 10**

Abdoulaye Bathily, the UN Secretary-General's Special Representative for Libya, emphasized the urgent need for electoral law implementation and forming a unified government to pave the way for elections in the country.

During a meeting with four High Council of State (HCS) members, Bathily addressed Libya's political deadlock and the necessity of finding a resolution, according to a statement posted by Bathily on social media.

"I encouraged them to continue seeking consensus within the HCS, the House of Representatives, and the broader Libyan political spectrum, including key actors, on implementing electoral laws and forming a unified government to lead Libya towards elections," Bathily added.

During a phone conversation with Aguila Saleh, speaker of the House of Representatives, on Wednesday, Bathily also emphasized the need for prompt efforts to reach a political compromise in Libya.

Libya failed to hold general elections in December 2021 as previously scheduled, due to disagreements among the Libyan parties over election laws. Xinhua

# AU calls for Ramadan cessation of hostilities in Sudan

**Addis Ababa March 10**

Chairperson of the African Union (AU) Commission Moussa Faki Mahamat has called for the cessation of hostilities in Sudan during the holy month of Ramadan.

The AU Commission chairperson "calls upon Sudanese parties to observe a total cease-fire across the whole national territory throughout the holy month of Ramadan," the AU said in a statement on Friday.

Faki stressed that such a cease-fire during the holy month of Ramadan could help facilitate the delivery of humanitarian aid to civilians in need throughout the conflict-torn country.

He urged the warring parties "to shoulder their responsibilities to prevent the serious risk of famine and other humanitarian catastrophes from befalling the Sudanese people and the neighboring states."

Deadly clashes have been going on between the Sudanese Armed Forces and the paramilitary Rapid Support Forces in Sudan since April last year.

Amid the continued fighting in different parts of the country, Sudan is now home to the world's largest internal displacement crisis, with 6.3 million people seeking safety within the country since the beginning of the conflict. Another 1.7 million people have also fled to neighboring countries, according to the United Nations. Xinhua



UN Secretary-General Antonio Guterres (C, front) speaks at a Security Council meeting on Sudan, at the UN headquarters in New York, on March 7, 2024.

# More than 580 hotels and guesthouses granted operating licenses in Mandalay Region


A spectacular view of a hotel in Mandalay city.

**Mandalay March 10**

U Min Maung Soe, Deputy Director of the Mandalay Region Directorate of Hotels and Tourism, reveals significant growth in the hospitality sector.

In a recent announcement, U Min Maung Soe shared that over 580 hotels and guesthouses have been successfully granted operating licenses in the picturesque Mandalay Region.

According to U Min Maung Soe, the business licenses are issued by the department responsible for hotels and tourism. Entrepreneurs interested in venturing into the hospitality industry can apply for these licenses. Each application undergoes thorough verification to ensure compliance with existing laws and regulations. Once approved, the hotel or lodging license must be submitted with endorsements from relevant local authorities, including the ward, township, fire department, and environmental conservation department.

The final step involves submitting the application to the regional tourism committee, where it undergoes further scrutiny and receives official approval. U Min Maung Soe emphasized that this process is essential to maintain quality standards and uphold the reputation of Mandalay as a tourist-friendly destination.

As of now, 449 hotels with a total of 19,896 rooms and 138 guest houses with 2,635 rooms have received business licenses in the region.

In 2023, Mandalay welcomed more than 2.4 million visitors, both local and foreign. With the ongoing efforts of the directorate, this year aims to surpass the previous record, ensuring that Mandalay remains a sought-after destination for travelers from around the world.

185

# Myinmu and Madaya tomato sales skyrocket in Mandalay

**Mandalay March 10**

Sales of tomatoes from Myinmu and Madaya areas are good in the Thiri Marlar Green Wholesale Market in Aungmyethazan District, Mandalay, according to the tomato wholesale centers in the market.

These tomatoes (locally called Taiwan tomatoes) are currently coming from Myinmu and Madaya areas, and 10 to 12 6-wheeled vehicles regularly enter the Thiri Marlar Green Market in Mandalay. The price of tomatoes is 200 to 250 kyats per viss, and the business is good, said U Aung Moe Naing, the owner of Aung wholesale center in Mandalay.

"There are a lot of tomatoes produced along the Mu River. The transactions are good and the prices are good. Other crops also have high demand," he said.


High quality tomatoes for sale at a market.

At present, tomatoes produced from the areas along the Mu River such as Myinmu and Madaya areas are being sold with good deals. The remaining crops such as cauliflower, cabbage, potatoes, mustard and turnips are also being sold with good sales.

185

# Farmers in Sagaing District sow 48,757 acres of winter chickpeas

**Sagaing March 10**

A total of 48,757 acres of winter chickpeas have been planted in Sagaing District, Sagaing Region, during the winter crop planting season, according to the statistics from the Department of Agriculture for Sagaing District.

In the 2023-2024 winter crop planting season, 48,972 acres of winter chickpeas are planned to be planted in Sagaing District, and since October 2023, 48,757 acres have been planted.

"We are working to meet the target of winter chickpeas this year. We are working to plant high-yielding varieties of chickpeas," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The acreages of chickpeas by townships in Sagaing District are as per following: 26,909 acres in Sagaing Township, 14,191 acres in Myinmu Township, and 7,657 acres in Myaung Township, totaling 48,757 acres of chickpeas.

During the 2022-2023 winter crop planting season in Sagaing District, winter chickpeas were planted from October 2022 to December 2022, and 48,972 acres were planted.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# About 60,000 viss of dried spiny eel sent to Yangon market in February

**Bogale March 10**

Daw Thiri, owner of dried fish trading depot in Bogale Township of Ayeyawady Region, said that a total of 59,000 viss of dried spiny eel was sent to Yangon market from Bogale Township in February.

Local fishery businesspersons buy fresh spiny eel from local fishermen and systematically dried them. They sent 59,000 viss of dried spiny eel in February, compared with 47,000 viss of dried ones in January. In March, dried spiny eel of Bogale Township is marketable in Yangon Region.

Daw Thiri explained, "Demand of dried spiny eel is high in Yangon market starting from the first week of February. Dried spiny eel is a main business of local fishermen and businesspersons from Bogale Township. Due to high demand, local fishermen can earn increased income."

In Yangon market, dried spiny eel fetches K185,000 per 10 viss. Fishermen, businesspersons and those in the supply chain of dried fish are enjoying the fruits of booming businesses.

Kyaw Kyaw Lin


Dried spiny eels seen before being transported to Yangon.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## DIMDEX 2024 တွင် Khordad လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို အီရန်ထုတ်ဖော်ပြသ




ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပပြုလုပ်လျက်ရှိသော (၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းဆိုင်ရာ ကာကွယ်ရေးပြပွဲနှင့် ညီလာခံ (DIMDEX 2024)တွင် အီရန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် Khordad လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Khordad လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်သည် ၂၀၁၄ ခုနှစ်တွင် အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC)၏ အောင်မြင်မှုများပြပွဲတွင် ပထမဆုံးထုတ်ဖော်ပြသခဲ့သော ယာဉ်တင်၊ တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဖြစ်သည်။ အစပိုင်းတွင် ၎င်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် အကွာအဝေး ၇၅ ကီလိုမီတာ တိုက်ပွဲဝင်နိုင်ခဲ့ပြီး ဒုံးကျည်နှင့် ရေဒါနည်းပညာများ တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် အကွာအဝေးကီလိုမီတာ ၂၀၀ ထိ တိုးတက်လာခဲ့သည်။ Khordad လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို အီရန်တော်လှန်ရေးအစောင့်တပ်၊ လေကြောင်းနှင့် အာကာသတပ်ဖွဲ့နှင့် ဆီးရီးယား လေကြောင်းကာကွယ်ရေးတပ်ဖွဲ့တို့က လက်ရှိအသုံးပြုလျက်ရှိသည်။

အီရန်နိုင်ငံသည် ရုရှားနိုင်ငံထံမှ S-300 လက်နက်စနစ်ကို မရရှိသေးခင် ၎င်းလေကြောင်းရန်ကာကွယ်ရေးစနစ်ကို အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ ရေဒါလေ့လာရေးစင်တာမှ တီထွင်ခဲ့ခြင်းဖြစ်သည်။ Khordad လက်နက်စနစ်သည် ရုရှားနိုင်ငံထုတ် Buk-M2EK ယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ပုံစံဆင်တူပြီး ရုရှားထုတ် Buk အုပ်စုဝင်ဒုံးကျည်များနှင့် စစ်ဆင်ရေးစွမ်းဆောင်ရည်များအတိုင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် Hormuz ရေလက်ကြားအနီး၌ အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီထုတ် RQ-4 Global Hawk ကို အဆိုပါလက်နက်စနစ်ဖြင့် ပစ်ချနိုင်ခဲ့ကြောင်းလည်း သိရသည်။

Khordad သည် X-band Active Phased Array ရေဒါကို အသုံးပြုထားသည်။ ၎င်း၏ Transporter Erector Launcher And Radar (TELAR) ဒုံးပစ်လောင်ချာနှင့် ရေဒါယာဉ်သည် အကွာအဝေး ကီလိုမီတာ ၅၀ မှ ၁၀၅ ကီလိုမီတာ၊ အမြင့် ၂၅ မီတာမှ ကီလိုမီတာ ၃၀ အတွင်း ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သော Taer-2B ဒုံးကျည် သုံးစင်းတင်ဆောင်ထားသည်။ လက်နက်စနစ်ရှိ ရေဒါသည် ပစ်မှတ် ၁၀၀ ထိရှာဖွေထောက်လှမ်းနိုင်ပြီး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပစ်မှတ်လေးခုကို တိုက်ပွဲဝင်နိုင်ကာ ဒုံးကျည်နှစ်စင်းကို ထိန်းကျောင်းလုပ်ဆောင်နိုင်သည်။ စံပြဖွဲ့စည်းမှုတွင် TELAR ယာဉ်တစ်စီးနှင့် သယ်ယူပို့ဆောင်ရေး၊ ကျည်ထိုး၊ ကျည်သယ်ယာဉ် Transporter Erector Launchers (TELs) နှစ်စီးစီပါဝင်ပြီး ဒုံးကျည်ကိုးစင်း တိုက်ပွဲဝင်အသင့် ပစ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နည်းပညာဆိုင်ရာ အချက်အလက်များအရ Khordad လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် လေကြောင်းပစ်မှတ်များကို အကွာအဝေး နှစ်ကီလိုမီတာမှ ၁၀၅ ကီလိုမီတာအတွင်း၊ ခရုဇ်ဒုံးကျည်များကို နှစ်ကီလိုမီတာမှ ၁၅ ကီလိုမီတာအတွင်း၊ အမြင့် မီတာ ၄၀ မှ ၂၇ ကီလိုမီတာအတွင်း အလျင်နှုန်း ၈၀၀ မီတာ/စက္ကန့်ဖြင့် ပျံသန်းလာသော ပစ်မှတ်များကို ခြေရာခံထိန်းကျောင်း၊ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ လက်နက်စနစ်အနေဖြင့် တိုက်ပွဲဝင်အသင့် တုံ့ပြန်ရန်ကြာချိန်မှာ ၃ မိနစ်ထက်မပိုဘဲ ယာဉ်တွင်IVECO ဒီဇယ်အင်ဂျင်အမျိုးအစား အသုံးပြုထားကာ တစ်နာရီ ၆၅ ကီလိုမီတာအလျင်နှုန်းဖြင့် ခရီးအကွာအဝေး ကီလိုမီတာ ၅၀၀ ထိ မောင်းနှင် ဖြန့်ကြက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Iran presents its newly developed Khordad air defense missile system at DIMDEX 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

## စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောတည်ဆောက်နေကြောင်း တရုတ်ထုတ်ဖော်ပြောကြား

တရုတ်နိုင်ငံသည် ပစိဖိတ်အနောက်ခြမ်းရှိ အမေရိကန်ရေတပ်နှင့် ယှဉ်ပြိုင်ရန် ၎င်း၏စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောကို တည်ဆောက်နေပြီဖြစ်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက ကြေညာခဲ့သည်ဟု Defense Post သတင်းဌာနက မတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဥပဒေပြုအစည်းအဝေးတစ်ခုအတွင်း PLA ရေတပ်၊ နိုင်ငံရေးကော်မတီအဖွဲ့ဝင် Yuan Huazhi က လမ်းကြောင်းမှန်ပေါ် ရောက်နေပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာနှောင့်နှေး၊ ကန့်သတ်ချက်များ မရှိသေးကြောင်း ပြောကြားခဲ့သည်။

လေယာဉ်တင်သင်္ဘောသစ်သည် အမေရိကန်ရေတပ်ပိုင် အဆင့်မြင့်ဆုံးလေယာဉ်တင်သင်္ဘောအချို့ကဲ့သို့ နျူကလီးယားစွမ်းအင်သုံးသင်္ဘောဖြစ်မည်ကို မကြာမီလူသိရှင်ကြား ထုတ်ပြန်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ယနေ့အချိန်ထိ အမေရိကန်နှင့် ပြင်သစ်ရေတပ်များတွင်သာ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများပိုင်ဆိုင်ထားသည်။ ၎င်းအချက်က ၎င်းတို့ကို လောင်စာဆီထပ်မံဖြည့်သွင်းပေးရခြင်းမပြုဘဲ အချိန်ကာလကြာမြင့်စွာရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ South China Morning Post သတင်းဌာနက တရုတ်ရေတပ်၏ ထုတ်ဖော်ပြောကြားချက်များကိုကိုးကားပြီး ကျွန်ုပ်တို့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန် လေယာဉ်တင်သင်္ဘောများတည်ဆောက်နေသည်ဟု ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ထိုသို့ ကြေညာချက်မထွက်ပေါ်မီတွင် တရုတ်နိုင်ငံ ရှန်ဟိုင်းရှိ Jiangnan သင်္ဘောကျင်းတွင် တည်ဆောက်နေသည့် စတုတ္ထမြောက် လေယာဉ်တင်သင်္ဘော၏ဓာတ်ပုံများသည် အွန်လိုင်းပေါ်တွင် ပျံ့နှံ့လာခဲ့သည်။

တရုတ်သည် ၎င်း၏ တတိယမြောက်လေယာဉ်တင်သင်္ဘော Fujian ကို ရေချနိုင်ခဲ့ပြီး နှစ်နှစ်ခန့်အကြာတွင် Yuan Huazhi ၏ ကြေညာချက်ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ တရုတ်နိုင်ငံ၏ အတိုးတက်ဆုံးစစ်သင်္ဘောဟု ကြွေးကြော်ထားသော်လည်း Fujian လေယာဉ်တင်သင်္ဘောသည် နျူကလီးယားစွမ်းအင်သုံးမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုလေယာဉ်တင်သင်္ဘောတည်ဆောက်နေဆဲကာလတွင် တရုတ်နိုင်ငံ၏ ရေတပ်သုံးနျူကလီးယားဓာတ်ပေါင်းဖို နည်းပညာအပြည့်အဝ တိုးတက်ဖွံ့ဖြိုးခဲ့ခြင်းမရှိသေးသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လေယာဉ်တင်သင်္ဘောသည် အရွယ်အစားနှင့်အလေးချိန် ပိုမိုကြီးမားလေးလံသော တောင်ပံပုံသေတပ် လေယာဉ်များပျံသန်း၊ ဆင်းသက်နိုင်စေရန် လျှပ်စစ်သံလိုက်လှိုင်း လွှင့်တင်ရေးနှင့်ဖမ်းယူရေးကိရိယာများကဲ့သို့သော အဆင့်မြင့်အင်္ဂါရပ်များပါရှိသည်။ သို့သော် တတိယမြောက်လေယာဉ်တင်သင်္ဘော Fujian သည် ပင်လယ်ပြင်စမ်းသပ်မှု ယခုထိမပြုလုပ်ရသေးပါ။

တရုတ်နိုင်ငံ၏မကြာသေးမီက ပင်လယ်ရေကြောင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများသည် လာမည့်ဆယ်စုနှစ်အတွင်း ခေတ်မီသော Blue-Water Navy အဆင့်တက်လှမ်းနိုင်စေရန် ရည်မှန်းချက်နှင့်ကိုက်ညီနေသည်။ နက်ရှိုင်းသောပင်လယ်ရေပြင်တစ်လျှောက်တွင် အချိန်ကာလကြာမြင့်စွာ၊ ရှင်သန်ရပ်တည်နိုင်စွမ်းမြင့်မားစွာဖြင့် စစ်ဆင်ရေးများကို ရေကြောင်းတပ်ဖွဲ့တစ်ခုလုံးမှ လုပ်ဆောင်နိုင်သောအခါတွင် Blue-Water Navy အဆင့်သတ်မှတ်နိုင်မည်ဖြစ်သည်။ တပ်ဖွဲ့တွင် အမိမြေနှင့် အလှမ်းဝေးသောနေရာဒေသများစွာသို့ ရေကြောင်းစွမ်းအားများဖြန့်ကြက်အသုံးပြုနိုင်မည့် လေယာဉ်တင်သင်္ဘောအနည်းဆုံးတစ်စင်း သို့မဟုတ် ထို့ထက်ပို၍ ပိုင်ဆိုင်ထားရမည်ဖြစ်ကြောင်း သိရသည်။




**China Says Building Fourth Aircraft Carrier ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧက စိုက်ပျိုးပြီးစီး



**ကလေးဝ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၆၇၂၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၇၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးဝမြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာ ဧက ၆၇၂၀ စိုက်ပျိုးဖို့ လျာထားခဲ့ရာ အခု ၆၇၅၃ ဧက စိုက်ပျိုးပြီးပါပြီ။ နေကြာကို ဆောင်းရာသီမှာ အဓိကစိုက်တာပါ။ ပြည်ပက နေ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ "ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မှီ့တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မှီ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ထံမှ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ် ပဆင - ဘုရားချောင်းလမ်း၌ ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပဆင-ဘုရားချောင်းလမ်း၌ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၄၅ သန်းဖြင့် ဒေးဒရဲမြို့နယ် ပဆင- ဘုရားချောင်းလမ်း၌ ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ဒေးဒရဲမြို့နယ် ပဆင-ဘုရားချောင်းလမ်းတွင် အရှည် ၅ ဒသမ ၇၁၂ ဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်၍ ယမင်းရောကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ချောလမ်း ပြီးစီးမှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်ပြီး ကျေးရွာများမှထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များကို မြို့ပေါ်ဈေးကွက်သို့ လျင်မြန်စွာတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကျောက်ဆည်မြို့နယ် ဗလီကွင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရဲဘော်ကြီးကျေးရွာအုပ်စု ဗလီကွင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဗလီကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ရိုး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၄၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ၊ ကမ္မည်းမော်ကွန်းကျောက်စာတော်ဖွင့်ပွဲ၊ ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်းရေစက်ချမင်္ဂလာအခမ်းအနား ပြုလုပ်

**နေပြည်တော် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ကမ္မည်းမော်ကွန်းကျောက်စာတော်ဖွင့်ပွဲ၊ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း ရေစက်ချမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏ တောင်ခြေရှိ မင်္ဂလာမုခ်ဦး၌ ပြုလုပ်ရာ ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက် ပဓာနနာယကဆရာတော် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဩဝါဒစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသောဘိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ဦးစွာ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ကျင်းပပြုလုပ်ရာ မင်္ဂလာဘိသေကပညာရှင်က ဗုဒ္ဓါဘိသေက မင်္ဂလာဩဘာစာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မင်္ဂလာမုခ်ဦးအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြတ်မော်တင်စေတီတော်မြတ်ကြီး၏ မင်္ဂလာကမ္မည်းမော်ကွန်းကျောက်စာတော်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များက မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးရင်ပြင်တော်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ ဆင်ယင်ကျင်းပတော်မူကြသည်။

ထို့ပြင် ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း ရေစက်ချမင်္ဂလာကို အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မဟာမင်္ဂလာမဏ္ဍပ်၌ ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြခဲ့ပြီး မဟာဘိသေကပညာရှင်တစ်ဦးက မင်္ဂလာဩဘာစာတမ်း ဖတ်ကြားကာ စေတနာရှင်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မြတ်မော်တင်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ဟုမ္မလင်းတပ်နယ်နှင့် ကလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ မတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းတပ်နယ်၌လည်းကောင်း၊ ယနေ့တွင် ကလေးတပ်နယ်၌လည်းကောင်း သက်ဆိုင်ရာတပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ဟုမ္မလင်းမြို့နှင့် ကလေးမြို့တို့ရှိ သက်ဆိုင်ရာ နယ်မြေခံတပ်ရင်းခန်းမအသီးသီး၌ စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။



အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက သီဆိုကပြဖျော်ဖြေစဉ်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၁၁ ရက်မှ မတ် ၁၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအစမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

၂၀ ရှေ့ဖုံးမှအဆက်

စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က နှစ်သုတ်ခွဲ၍ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ(၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။



(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအစမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိစစ်သည်များ၊တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လေ့လာကြည့်ရှုကြစဉ်။



(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအစမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိစစ်သည်များ၊တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြည့်ရှုကြစဉ်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့်သူရဲကောင်းဗိမာန်တို့ကို သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

တာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက စစ်တွေမြို့နယ် ပြည်သူဆေးရုံကြီး(၃တင်-၅၀၀)သို့ အရေးပေါ်ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AAအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့် လုပ်ရပ်ဖြစ်သဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၂၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၁၅ | ၂၈၁၀ | ၂၈၂၅ | ၂၇၂၀ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၅ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၄၅ | ၂၈၂၀ | ၂၉၂၀ | ၂၉၃၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၇၅ | ၂၈၇၅ | ၂၈၈၀ | ၃၁၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၆ | ၂၆၄၁ |
| 95 Ron | ၂၆၆၂ | ၂၇၄၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၆၁ | ၂၄၃၈ |
| HSD (10 ppm) | ၂၃၆၁ | ၂၄၃၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ အပိုင်း(၇)

မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေတဲ့နိုင်ငံများအကြောင်း တင်ဆက်ပေးနေတဲ့ ဗိုလ်ကြီး ဒေါ်အေးသဉ္ဇာကျော်ဖြစ်ပါတယ်ရှင်။ ဒီတစ်ပတ်မှာ ကျွန်မတင်ဆက်ပေးမယ့် နိုင်ငံကတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံပဲဖြစ်ပါတယ်။ ဒီ ရုရှားဖက်ဒရေးရှင်းနိုင်ငံဟာ အလွန်ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်တဲ့အပြင် သူ့ရဲ့နိုင်ငံတည်ရှိမှုဟာ အာရှတိုက်ရော၊ ဥရောပတိုက်ရောမှာ တည်ရှိတဲ့ ကမ္ဘာ့အကြီးဆုံးနိုင်ငံတစ်ခုလဲ ဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံမပြိုကွဲမီ ၁၉၁၈ ခုနှစ်လောက်ကတည်းက စတင်ကျင့်သုံးခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ရုရှားဖက်ဒရေးရှင်းနိုင်ငံအဖြစ်တည်ထောင်ပြီးနောက် ၁၉၉၈ ခုနှစ်မှာလဲ ဆက်လက်ကျင့်သုံးနေတာဖြစ်ပါတယ်။ အသက်အရွယ်အပိုင်းအခြားအနေနဲ့တော့ အသက် ၁၈ နှစ်ကနေ ၃၀ နှစ်ကြား အမျိုးသားတိုင်းဟာ အခြေခံစစ်ပညာသင်တန်း ခြောက်လတက်ရောက်ပြီးတဲ့အချိန်မှာ တစ်နှစ်တိတိ စစ်မှုထမ်းဆောင်ရမှာဖြစ်ပါတယ်။



စစ်အခြေခံသင်တန်းပြီးလို့ တစ်နှစ်တိတိတာဝန်ထမ်းဆောင်ပြီးနောက်မှာ ဆက်လက်တာဝန်ထမ်းဆောင်ချင်တယ်ဆိုရင်တော့ စာချုပ်စနစ်နဲ့ထမ်းဆောင်လို့ရပါတယ်။ မိမိဆန္ဒအလျောက်တာဝန်ထမ်းဆောင်လိုတယ်ဆိုရင်တော့ အသက် ၁၈ နှစ်ပြည့်ကတည်းက စတင်ထမ်းဆောင်လို့ရပါတယ်။ ဒီစစ်အခြေခံသင်တန်းခြောက်လတက်ပြီးတဲ့အချိန်မှာဆိုရင် သူတို့ကိုတပ်သားသစ်အဖြစ်နဲ့စတင်ခန့်အပ်တာဝန်ပေးတာဖြစ်ပါတယ်။ စစ်အခြေခံသင်တန်း ခြောက်လတက်နေတဲ့ ပထမဆုံးနှစ်ပတ်မှာ တာဝန်နေရာတွေ ခွဲဝေချထားပေးဖို့အတွက် စစ်လက်ရုံးရွေးချယ်တာတို့၊ အဆင့်ရာထူးတွေခွဲဝေသက်မှတ်တာတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။ အခြေခံပညာကျောင်းပြီးပြီးချင်း စစ်မှုထမ်းဖို့ဝင်ရောက်လာတဲ့သူတွေကိုတော့ တပ်ရင်း၊တပ်ဖွဲ့တွေမှာသူတို့ကို တပ်သားအဖြစ်နဲ့ တာဝန်ပေးအပ်တာဖြစ်ပါတယ်။ ဘွဲ့ရစစ်မှုထမ်းတွေကိုတော့ သူတို့တတ်ကျွမ်းတဲ့နယ်ပယ်အလိုက် သက်ဆိုင်ရာလက်ရုံးတပ်ဖွဲ့တွေမှာ တာဝန်ခွဲဝေနေရာချထားပေးတာဖြစ်ပါတယ်။ သင်တန်းတက်နေစဉ် ထူးချွန်သူတွေနဲ့အတတ်ပညာရပ်တစ်ခုခုကို ကျွမ်းကျင်သူတွေကို ဥပမာ ကားမောင်းတတ်တာမျိုးပေါ့။ ဒီလို လူတွေကိုတော့ သင်တန်းပြီးရင် ဒုတိယတပ်ကြပ်၊ တပ်ကြပ်အမြင့်ဆုံးအဆင့် အငယ်တန်းတပ်ကြပ်ကြီးနဲ့ တပ်ကြပ်ကြီးအဆင့်ထိ ပေးအပ်နိုင်တာဖြစ်ပါတယ်။ ဘွဲ့ရစစ်မှုထမ်းတွေအနေနဲ့ဆိုရင်တော့ သင်တန်းဆင်းပြီးရင် ဒုဗိုလ်၊ ဗိုလ်၊ မာစတာဘွဲ့ရတဲ့သူတွေကတော့ ဗိုလ်နဲ့ ဗိုလ်ကြီး၊ပါရဂူဘွဲ့ရတဲ့သူတွေကတော့ ဗိုလ်မှူး၊ ဒုတိယဗိုလ်မှူးကြီးထိ အဆင့်ရာထူးတွေတိုးမြှင့်ပေးနိုင်တာဖြစ်ပါတယ်။ ဒါပေမယ့် အရာရှိအဖြစ်နဲ့အဆင့်ရာထူးတွေတိုးမြှင့်အပ်နှင်းခြင်းခံရတဲ့သူတွေကတော့ သူတို့ဒီအဆင့်ကို စတင်အပ်နှင်းခြင်းခံရတဲ့နေ့ကနေစပြီးတော့ ငါးနှစ်တိတိ သူတို့ကမဖြစ်မနေစာချုပ်ချုပ်ဆိုရမှာဖြစ်ပါတယ်။ အဆင့်ရာထူးတွေ တိုးဖို့အတွက်တော့ နောက်ထပ်အဆင့်ရာထူးတိုးသင်တန်းတွေကို သူတို့က ထပ်မံတက်ဖို့အတွက်ပြဋ္ဌာန်းထားတာတော့ မရှိပါဘူး။ စစ်မှုထမ်းကာလ တစ်နှစ်ပြည့်လို့ သူတို့က ဆက်လက်တာဝန်ထမ်းဆောင်ချင်တယ်ဆိုရင် သူတို့ရဲ့ မူရင်းရာထူးအဆင့်နဲ့ဖြစ်ဖြစ်၊ဒါမှမဟုတ် တစ်ဆင့်မြင့်ရာထူးအဆင့်နဲ့ဖြစ်ဖြစ် ဆက်လက်ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ စစ်မှုထမ်းသက်ကတော့ တပ်သားအဖြစ်နဲ့ဆိုရင် ငါးလ၊ ဒုတိယတပ်ကြပ်နဲ့ တပ်ကြပ်အဖြစ်နဲ့ဆိုရင်တစ်နှစ်၊တပ်ကြပ်ကြီး၊ဒုတိယအရာခံဗိုလ်၊ အရာခံဗိုလ်နဲ့ဆိုရင် သုံးနှစ်၊ ဒုတိယဗိုလ်နဲ့ဆိုရင် နှစ်နှစ်၊ ဗိုလ်အဆင့်နဲ့ဆိုရင် သုံးနှစ်၊ ဗိုလ်ကြီးနဲ့ ဗိုလ်မှူးအဆင့်နဲ့ဆိုရင် လေးနှစ်၊ ဒုတိယဗိုလ်မှူးကြီးနဲ့ အထက်ဆိုရင် ငါးနှစ်ပေါ့နော်။သူတို့ရဲ့စစ်မှုထမ်းသက်ပေါ်မူတည်ပြီးတော့ အဆင့်ရာထူးတွေတိုးမြှင့်ပေးတာဖြစ်ပါတယ်။

ခုနက ကျွန်မပြောခဲ့သလိုပဲ အခြေခံပညာကျောင်းပြီးတဲ့သူတွေကိုတော့ နိုင်ငံတွင်းမှာရှိတဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေ၊ လက်ရုံးတပ်ဖွဲ့တွေမှာ တပ်သားအဖြစ်နဲ့ တာဝန်ပေးထမ်းဆောင်စေတာဖြစ်ပါတယ်။တကယ်လို့ အဆင့်မြင့်ပညာရရှိတဲ့သူတွေဆိုရင်တော့ တတ်ကျွမ်းတဲ့ ပညာရပ်အလိုက် သက်ဆိုင်ရာလက်ရုံးတပ်ဖွဲ့တွေမှာလျှောက်ထားနိုင်ပြီးတော့ ဒီလျှောက်ထားမှုအပေါ်ကို ကာကွယ်ရေးဝန်ကြီးဌာနက ပြန်လည်စဉ်းစားဆုံးဖြတ်ပြီးမှ တာဝန်တွေနေရာခွဲဝေချထားပေးတာဖြစ်ပါတယ်။ကျွန်မအခု တင်ဆက်ပေးတာကတော့ ရုရှားဖက်ဒရေးနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းပဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်မပြောချင်တာကတော့ သေနတ်ကိုင်ပြီးစစ်တိုက်မှ နိုင်ငံတော်ကိုကာကွယ်တာမဟုတ်ပါဘူး။ ကိုယ်တတ်ကျွမ်းတဲ့ အတတ်ပညာနဲ့ နိုင်ငံတော်ကို တာဝန်ကျေပွန်စွာအလုပ်အကျွေးပြုခြင်းဟာလဲ နိုင်ငံတော်ကို ကာကွယ်တာပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ ကျွန်မပြောရမယ်ဆိုရင် ဆရာဝန်တွေဟာ သူတို့တတ်ကျွမ်းထားတဲ့ အတတ်ပညာနဲ့နိုင်ငံသူ၊ နိုင်ငံသားတွေကို သက်ရှည်ကျန်းမာစွာနေနိုင်အောင်၊ ဘေးအန္တရာယ်ကင်းရှင်းအောင်၊ ကျရောက်လာတဲ့ ကပ်ရောဂါဘေးတွေကနေ ကာကွယ်ပေးတာကလဲ သူတို့တတ်စွမ်းတဲ့ အတတ်ပညာနဲ့ နိုင်ငံတော်ကို ကာကွယ်နေခြင်းပဲဖြစ်ပါတယ်။ အင်ဂျင်နီယာဘာသာရပ်တွေကို တတ်ကျွမ်းထားတဲ့အင်ဂျင်နီယာတွေကလဲ သူတို့တတ်ကျွမ်းတဲ့ အင်ဂျင်နီယာပညာရပ်အလိုက် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက် စည်ပင်ထွန်းကားအောင်ဆောင်ရွက်နေတာကလဲ သူတို့တတ်တဲ့ပညာနဲ့ နိုင်ငံတော်ကို ကာကွယ်နေခြင်းပဲဖြစ်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်တဲ့သူတွေကလဲ နည်းပညာပိုင်းဆိုင်ရာ အဆင့်တိုးမြှင့်ပေးခြင်းများ၊ ပြီးရင် နည်းပညာပိုင်းဆိုင်ရာလုံခြုံအောင်ဆောင်ရွက်ပေးခြင်းဖြင့်လည်း သူတို့ဟာ သူတို့တတ်ကျွမ်းတဲ့ ပညာနဲ့ နိုင်ငံတော်ကိုကာကွယ်နိုင်တာဖြစ်ပါတယ်။ တောင်သူလယ်သမားဦးကြီးများကလည်း သူတို့ဆောင်ရွက်နေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကနေတစ်ဆင့် ကျွန်မတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် စားရေရိက္ခာဖူလုံစေခြင်းဖြင့်လည်း နိုင်ငံတော်ကိုကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတိုင်းဟာ သက်ဆိုင်ရာကဏ္ဍစုံကနေ နည်းလမ်းစုံကနေ ပါဝင်ထမ်းဆောင်ရင်းနဲ့ နိုင်ငံတော်ကို ကာကွယ်ကြရမှာဖြစ်ပါတယ်ဆိုတဲ့ အကြောင်းပြောကြားရင်းနဲ့ ဒီတစ်ခါအစီအစဉ်လေးကို ဒီမှာပဲ နိဂုံးချုပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

# ဟိုပန်မြို့နယ် ကျယ်ပန်ကျိုင်း-ကောင်းပျက်-အိုက်ကျော်ပါး ကျေးရွာချင်းဆက်လမ်း ကျောက်လမ်းခင်းခြင်းရာနှုန်းပြည့်ပြီးစီး



**လားရှိုး မတ် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် ဟိုပန်မြို့နယ် ကျယ်ပန်ကျိုင်း-ကောင်းပျက်-အိုက်ကျော်ပါး ကျေးရွာချင်းဆက်လမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လားရှိုး)မှ သိရသည်။

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ကျယ်ပန်ကျိုင်း-ကောင်းပျက်-အိုက်ကျော်ပါး ကျေးရွာချင်းဆက်လမ်း ခုနစ်မိုင်အနက် လမ်းအရှည် တစ်မိုင်လေးဖာလုံ ကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆၅ ဒသမ ၂၆၅ သန်းဖြင့်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှစ်ရွာမှ လူဦးရေ ၉၃၂၃ ဦးတို့၏ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉၈၇ ဒသမ ၄၈၃ သန်းဖြင့် မြေလမ်း၂၈ မိုင်၊ အမာခံလမ်း ၅ မိုင်၊ ကျောက်လမ်း ၁၃/၂ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ဝ/၁ ဒသမ ၆ မိုင်၊ ကွန်ကရစ်လမ်း ဝ/၆ ဒသမ ၇ မိုင်၊ ကွန်ကရစ်တံတား တစ်စင်း၊ BOX CULVERT ၃၉ စင်း၊ ရေကျော် တစ်စင်း၊ ပညာရေးလုပ်ငန်း လေးခု၊ သာသနာရေးလုပ်ငန်း ငါးခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း တစ်ခု၊ ဦးစီးဌာနလုပ်ငန်းငါးခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၅၀၄)**

## ကမ္ဘာ့ချန်ပီယံ ဝါးပတ်ဆွတ်စူးမှ

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ်(၁)ဒိုင်က ၁၁၃-၁၁၃ ရမှတ်ဖြင့် သရေရလဒ်သာသတ်မှတ်ခဲ့ပြီး အမှတ်(၂)ဒိုင်က ၁၁၄-၁၁၂ ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃)ဒိုင်က ၁၁၅-၁၁၁ ရမှတ်ဖြင့်လည်းကောင်း ဂျိုးဆပ်စ်ပါကားကို အနိုင်ပေးခဲ့သည်။

ကျိုလိကျန်းသည် အစောပိုင်းအချီများတွင် ဂျိုးဆပ်စ်ပါကားကို ဖိအားပေးထိုးသတ်နိုင်ခဲ့သော်လည်း နောက်ပိုင်းအချီများတွင် ဂျိုးဆပ်စ်ပါကားက အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး အနိုင်ရလဒ်ရရှိသည်ထိ စွမ်းဆောင်နိုင်ခဲ့သည်။

ဂျိုးဆပ်စ်ပါကားက "ကျိုလိကျန်း ထိုးသတ်သွားတာ ကောင်းပါတယ်။ ကျွန်တော့်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ အစောပိုင်းအချီတွေမှာ သူ့ရဲ့ထိုးချက်တွေက တော်တော်ကောင်းပါတယ်။အစောပိုင်းအချီတွေမှာ ကျိုလိကျန်းထိုးသတ်တဲ့ ပုံစံကြောင့် ထိုးသတ်နေတုန်း ကျွန်တော် ရှုံးပြီလို့စိတ်ထဲတွက်ထားတယ်။ ဒါပေမဲ့ နောက်ပိုင်းအချီတွေမှာ ကျွန်တော့်ရဲ့ပုံစံကောင်းတွေကို ထုတ်ပြနိုင်ခဲ့ပါတယ်။ ဖိအားပေးခံရပြီး ရှုံးနိမ့်တော့မယ့် အခြေအနေနဲ့ရင်ဆိုင်ရပေမယ့် အကောင်းဆုံးပြန်လာနိုင်ခဲ့တဲ့အခြေအနေကို အားရကျေနပ်ပါတယ်။ နောက်ပိုင်းအချီတွေမှာ ကျွန်တော့်ရဲ့ထိုးချက်တွေက ပြိုင်ဘက်ကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့တယ်။ကြိုးဝိုင်းထဲမှာထိုးသတ်နိုင်ခဲ့တဲ့ပုံစံဟာလေ့ကျင့်ရေးအစီစဉ်မှာ ကြိုတင်ပြင်ဆင်ခဲ့တဲ့ပုံစံပါ။ ကျွန်တော်ပြင်ဆင်ထားတဲ့ Game Plan အတိုင်း ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်လို့ အားရကျေနပ်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၁-၃-၂၀၂၄ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ဝ၈:ဝဝ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၁ဝ:၄၆ | MasterChef |
| ၃။ | ၁၃:၃ဝ | Live For You |
| ၄။ | ၁၅:ဝဝ | Fighting Music |
| ၅။ | ၁၇:ဝဝ | သွေးချင်းတို့ဌာနေ |

# ရန်ကုန်မြို့တွင် စစ်မှုထမ်းရန်အတွက် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူမှုများ ဆက်တိုက်ပြုလုပ်နေသဖြင့် လူငယ်များ တိမ်းရှောင်ရန်ကြိုးစားနေကြောင်း ကောလာဟလသတင်းမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၀**

ရန်ကုန်မြို့တွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန်အတွက် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူမှုများ ဆက်တိုက်ပြုလုပ်နေသဖြင့် လူငယ်များ ထွက်ပြေးတိမ်းရှောင်ရန် ပိုမိုကြိုးစားလာကြကြောင်း ကောလာဟလသတင်းမှားများကို ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများ၏ ကောလာဟလသတင်းမှားများနှင့် မဟုတ်မမှန်ဝါဒဖြန့်ဝေမှုများသည် ပြည်သူများကိုစိုးရိမ်ထိတ်လန့်စေရန်နှင့် လူငယ်လူရွယ်များ၏အနာဂတ် ပျက်စီးစေပြီး လမ်းမှားရောက်စေရန် တွန်းပို့နေခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကလည်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ပြည်သူများ၊ လူငယ်လူရွယ်များ ထင်ယောင်ထင်မှားမဖြစ်စေရန်အတွက် မိမိတို့သိရှိလိုသည်များကို https://mod.gov.mm/node/74 တွင် လေ့လာကြည့်ရှုနိုင်ကြောင်း၊ စုံစမ်း မေးမြန်းနိုင်ရန်အတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့အစည်းများဖွဲ့စည်းပြီး ဖြေကြားဆောင်ရွက်ပေးခြင်း၊ လက်ကမ်းစာစောင်များဖြင့် အသိပညာပေးခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်း အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြလျက်ရှိပါသည်။

ယခုဖြစ်စဉ်သည်လည်း လူငယ်များကို လမ်းမှားရောက်စေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့်အကြမ်းဖက်သမားများကမဲဆွယ်စည်းရုံးနေသည့် ဝါဒဖြန့်ဝေမှုများသာဖြစ်ပြီး ရန်ကုန်မြို့အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို လုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




# တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ












**နေပြည်တော် မတ် ၁၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၇ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Crystal One Piece Toilet အခု ၇၀၊ တရုတ်နိုင်ငံထုတ် Ceramic Tiles ၁၂၆၅၂ ဒသမ ၂ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၅၀၅၅၂၃ ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Ling-long ကားတာယာ အလုံး ၁၅၀၊ Smart အမွှေးဆီ အထုပ် ၂၄၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၁၇၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၅၂၃၀၂၃ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် BM Speaker လေးလုံး၊ တရုတ်စာသားတံဆိပ်ပါ အချိုရည် အထုပ် ၆၂၀ အပါအဝင် ကုန်ပစ္စည်း ၅၃ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၀၂၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၈ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်မြို့နယ် သင်္ကြောလုံခြုံရေးစခန်းအနီး၌ မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်အသေး ၁၉၁၃၁ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၅၇၄၉၀၀၀နှင့် အဆိုပါပုစွန်များ တင်ဆောင်လာသည့် Nissan Condor Truck လေးစီး၊ Mitsubishi Fuso Truck နှစ်စီး၊ Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၂၅၇၄၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၈ ရက်တွင် ကရင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Billionsကော်မှုန့် အိတ် ၁၅၀၊ Wonder Catကြောင်စာအိတ် ၈၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Lactasoy ပဲနို့ဘူး ၁၂၀၀၀၊ 108 Detergentဆပ်ပြာမှုန့်ထုပ် အထုပ် ၂၄၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ မြဝတီမြို့ ရပ်ကွက်(၆) ဗိုလ်ကြာသုပ်လမ်းအတွင်းရှိ ဂိုဒေါင်တစ်လုံး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၁၆၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ဒဂုံမြို့နယ် မော်လမြိုင်လမ်း (၂၃)ရပ်ကွက်ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Balloon Candy ချိုချဉ်ထုပ် ၁၆၅၀၀၊ ထိုင်းနိုင်ငံထုတ် မက်မွန်သီးထုပ် ၂၇၄၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၃၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၈ ရက်တွင်ဖမ်းဆီးရမိမှု အမှုတွဲ ၃၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၃၅၀၃၀၂၃ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့တွင် လစာလာထုတ်သည့်မြို့နယ်ပညာရေးမှူးနှင့် စာမေးပွဲအခန်းစောင့်ရန်လာသည့် ဆရာ၊ဆရာမဦးရေ ၂၀ ခန့်ကိုဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် လစာလာထုတ်သည့် မြို့နယ်ပညာရေးမှူးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အခန်းစောင့်ရန်လာသည့် ဆရာ၊ ဆရာမဦးရေ ၂၀ ခန့်ကို မတ် ၇ ရက်က စစ်တွေမြို့မရဲစခန်းတွင် ဖမ်းဆီးထားကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍




စစ်တွေမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ စစ်တွေမြို့တွင် လစာလာထုတ်သည့် မြို့နယ်ပညာရေးမှူးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အခန်းစောင့်ရန်လာသည့် ဆရာ၊ ဆရာမဦးရေ ၂၀ ခန့်ကို စစ်တွေမြို့မရဲစခန်းတွင် ဖမ်းဆီးထားခြင်းမရှိကြောင်း သိရှိရသည်။

AA အကြမ်းဖက် သောင်းကျန်းသူများက စစ်တွေမြို့နယ်အတွင်းရှိ မြို့၊ ရွာများတွင် အုပ်ချုပ်ရေးယန္တရားများပျက်ပြားစေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများကို ဒရုန်းများ၊ လက်နက်ကြီးများဖြင့် နှောက်ယှက်ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကိုလုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်ဆည်-မင်းစုဘူတာအကြား တံတားအမှတ်(၇၃၈)၏ အစုန်၊ အဆန်ရထားသံလမ်းနှင့် ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးဆုံးရှုံးမှုဖြစ်

**နေပြည်တော် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ကျောက်ဆည်-မင်းစုဘူတာအကြား မိုင် ၃၅၃/၂၄ နှင့် ၃၅၄/၁ အကြား တံတားအမှတ် (၇၃၈)၏ အစုန်၊ အဆန် ပေ ၂၀ သံပေါင်တံတားနှင့် ကွန်ကရစ်တံတားများပေါ်တွင် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ နယ်မြေခံလုံခြုံရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တံတားများရှိ အရှေ့ဘက်ခြမ်း သံလမ်းများ နှစ်ပေခန့်စီ ပြတ်ထွက်နေပြီး မကွဲသေးသော လက်လုပ်မိုင်းတစ်လုံးကို တွေ့ရှိခဲ့သဖြင့် မင်းစု-



အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ကျောက်ဆည်-မင်းစုဘူတာအကြား တံတားအမှတ်(၇၃၈)၏ အဆန်ရထားလမ်းပျက်စီးဆုံးရှုံးမှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ကျောက်ဆည်-မင်းစုဘူတာအကြား တံတားအမှတ်(၇၃၈)၏ အစုန်ရထားလမ်းပျက်စီးဆုံးရှုံးမှုမှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ကျောက်ဆည်-မင်းစု ဘူတာအကြား တံတားအမှတ်(၇၃၈)၏ အစုန်၊အဆန်ရထားလမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံ။

ကျောက်ဆည် အစုန်၊ အဆန်လမ်းပိုင်းများကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် ခေတ္တပိတ်ခဲ့ရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မပေါက်ကွဲသေးသည့်မိုင်းကို သက်မဲ့ပြုလုပ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများကလည်း ရထားလမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးသွားသောရထားလမ်းပိုင်းကို ချက်ချင်းပြုပြင်မွမ်းမံဆောင်ရွက်နိုင်ခဲ့သဖြင့် ကျောက်ဆည်-မင်းစု အဆန်လမ်းပိုင်းကို မွန်းလွဲ ၁ နာရီ ၆ မိနစ်နှင့် အစုန်လမ်းပိုင်းကို မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တို့တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် လူစီးရထားများ ကြန့်ကြာမှုမရှိသော်လည်း ကုန်ရထားများ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပြီး ၇၅ ပေါင် သံလမ်း ကွန်ကရစ်ဇလီဖားတုံးနှင့် သစ်သားဇလီဖားတုံးများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်သည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ၊ ဖျက်ဆီးခြင်းအကြိမ် ၁၃၀၊ ရထားလမ်းတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၄၉ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အအုံများပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့ကို ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ကျောက်ဆည်-မင်းစု ဘူတာအကြား တံတားအမှတ်(၇၃၈)၏ အစုန်၊အဆန်ရထားလမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

# ကျုံပျော်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၇၂၉၆ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၆၇၂၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်ခရိုင်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၆၇၂၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါးလျာထားဧက အားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါး ၆၇၂၉၆ ဧကကို ကျုံပျော်မြို့နယ်တွင် ၁၈၄၃၇ ဧက၊ ကျောင်းကုန်းမြို့နယ်တွင် ၂၃၆၆၅ ဧက၊ ရေကြည်မြို့နယ်တွင် ၂၅၁၉၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

"နွေစပါးစိုက်ဖို့ တောင်သူတွေက လိုအပ်တာတွေ ပြင်ဆင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးရေး ညွှန်ကြားချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပြင် ဓာတ်မြေဩဇာတွေ စနစ်တကျ အသုံးပြုတတ်စေဖို့နဲ့ အစားထိုး ဓာတ်မြေဩဇာတွေ လုပ်ဆောင်အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ ပို့ချပေးနေပါတယ်။ ဒီနှစ် နွေစပါး တစ်ဧကကို တင်း ၁၀၀ အထက် ထွက်ရှိစေဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်ခရိုင်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၆၇၂၉၆ ဧကတွင် ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ GW-11၊ နံ့ကား စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးနေကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသ မြေအနေအထားနှင့် ဈေးကွက် အခိုင်အမာရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ညောင်ညင်ဂေါင်းကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး


**ကြို့ပင်ကောက် မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ညောင်ညင်ဂေါင်းကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သီသီအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ညောင်ညင်ဂေါင်းကျေးရွာ၌ လမ်းအရှည် ပေ ၄၉၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုး လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ကြို့ပင်ကောက်မြို့နယ် ညောင်ညင်ဂေါင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၇၉ ဒသမ ၂၂၅ သန်းအသုံးပြုပြီး Four For All ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဌန်၂၂ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးမှုကြောင့် ညောင်ညင်ဂေါင်းကျေးရွာရှိ အိမ်ခြေ ၈၅ အိမ်မှ လူဦးရေ ၃၃၇ ဦးတို့၏ လယ်ယာစိုက်ပျိုးမြေများမှထွက်ရှိသည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။ **ကိုညို**



# နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် မတ် ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကုန်းကျေးရွာ၌ ဒသမ အကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၅၅ ဒသမ ၅ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ်၂၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၈ဒသမ၀၅သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ်၂၂ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ၂၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

## မှတ်ကျောက်တင်စေ တို့တစ်တွေ

- လှေကားထစ်လို တစ်ထစ်ချင်း
တက်လှျောက်နင်း ငါတို့ကွယ်၊
အမြင့်ဆီ ပျံသန်းထား
ငှက်များသဖွယ်၊
ကူးခပ်လျက် ငါးလိုရယ်
ကြာပန်းနှယ် နွံထိုးဖောက်၊
ဘဝပင်လယ် ကူးဖြတ်ကြလို့
လှပတည်ဆောက်။

- အားမာန်ချီ ခရီးဆက်လျှောက်
ဒူးမထောက် လောကမံ၊
တန်ပြန်ကာ အနိုင်နွှဲ
အောင်ပွဲကိုခံ၊
ဇွဲ သတ္တိ အမြဲခြံရံ
စိတ်အကြံ ကောင်းစေသား၊
ပန်းတိုင်ကို အရောက်လှမ်းလို့
ကြိုးပမ်းကာထား။

- တောင် သေလာ ဘယ်လောက်မြင့်မား
ခြေဖဝါး အောက်မှာကွယ်၊
ဘဝကို အရှုံးမပေး
ကြံတွေးနေတယ်၊
ခရီးကြမ်း ဖြတ်ကျော်မယ်
စိတ်ဓာတ်ရယ် မြင့်တင်စေသား၊
ကြိုးစားသူ ပန်းတိုင်ရောက်လို့
(အိုကွယ်)
မှတ်ကျောက်တင်ထား။ ။

**ဇေဂျမ်းရွာကျောင်းအိုသား**

# လှိုင်းဘွဲ့မြို့နယ် ကော့ပေါ်ကျေးရွာ၌ VDPစီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ မတ် ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ပေါ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကော့ပေါ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းဖြစ်သည့် အရှည် ပေ၄၈၀၊ အကျယ်၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ်သိန်း၁၆၀ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**ဆက်လှ**

# စစ်အသုံးစရိတ်စံချိန်တင်တိုးမြှင့်ခြင်းဖြင့် ကာကွယ်ရေးအသွင်ကူးပြောင်းမှုကို မြှင့်တင်နေသည့်ဂျာမနီနိုင်ငံ

ဥရောပဒေသအတွင်း ရုရှားနှင့်အမေရိကန် အားပြိုင်မှု၊ ရုရှားနှင့် NATO အဖွဲ့တို့၏ အားပြိုင်မှုကြောင့် လုံခြုံရေးအခြေအနေများသည် ပိုမိုရှုပ်ထွေးလာခဲ့သည်။ NATO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်များကို GDP ၏ နှစ်ရာခိုင်နှုန်းထိ တိုးမြှင့်၍ တစ်နိုင်ငံချင်းစီ၏ ကာကွယ်ရေးတည်ဆောက်မှုများလုပ်ဆောင်ရန် အမေရိကန်က ဖိအားပေးခဲ့သည်။ ယခုအခါ ဂျာမနီသည် ကာကွယ်ရေးအသုံးစရိတ်ကိုစံချိန်တင်မြှင့်တင်ပြီး စစ်ရေးတည်ဆောက်မှုအသွင်ကူးပြောင်းမှုကို သိသိသာသာတိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

မကြာသေးမီက ဂျာမနီအစိုးရသည် ၂၀၂၄ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၄၁ ဘီလီယံကို ကြေညာခဲ့သည်။ ၎င်းသည် ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းခန့်မြင့်မားခဲ့ပြီး NATO ၏ ကာကွယ်ရေးအသုံးစရိတ်သတ်မှတ်ချက်နှင့်ကိုက်ညီကာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) ၏ နှစ်ရာခိုင်နှုန်းဖြင့် ဂျာမနီကာကွယ်ရေးအသုံးစရိတ်အတွက် အမြင့်ဆုံးစံချိန်တင်ခဲ့သည်။ ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်ပစ္စတိုးရီးယပ်စ်က ဂျာမနီကာကွယ်ရေးအသုံးစရိတ်သည် အနာဂတ်တွင် NATO ၏ သတ်မှတ်ချက်ထက်ကျော်လွန်နိုင်ပြီး ဂျာမနီတပ်မတော်၏ လက်နက်တပ်ဆင်မှုနှင့် ပြုပြင်ပြောင်းလဲမှုများအတွက် ဘတ်ဂျက်အသစ်ကိုအသုံးပြုမည်ဟု ပြောကြားခဲ့သည်။

**NATO ၏ သတ်မှတ်ထားသည့် ကာကွယ်ရေးအသုံးစရိတ်နှင့်ကိုက်ညီခြင်း**

၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဂျာမနီ၏ စုစုပေါင်းကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၆၄ ဘီလီယံ သို့မဟုတ် ထိုနှစ် GDP ၏ ၁ ဒသမ ၅၇ ရာခိုင်နှုန်းခန့်ဖြစ်သည်။ ၎င်း၏ ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၄၁ ဘီလီယံဖြစ်ပြီး ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းခန့်တိုးလာပြီး GDP ၏ နှစ်ရာခိုင်နှုန်းခန့်ရှိသည်။ စီးပွားရေးအကျပ်အတည်းများရင်ဆိုင်နေရသည့်ကြားမှ ဂျာမနီ၏ ကာကွယ်ရေးအသုံးစရိတ်ကြီးကြီးမားမား တိုးလာမှုသည် လူအများ၏အာရုံစိုက်မှုကိုရရှိခဲ့သည်။ ချိန်ညှိမှုသည် ကာကွယ်ရေးပစ္စည်းဖြည့်တင်းမှု တိုးမြှင့်ခြင်း၏အစသာဖြစ်ပြီး စစ်ရေးအသုံးစရိတ်၏ သုံးရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းထိ တိုးမြှင့်သွားမည်ဟု ပစ္စတိုးရီးယပ်စ်က ပြောကြားခဲ့သည်။ နိုင်ငံတကာအခြေအနေပြောင်းလဲမှုများနှင့် ဂျာမနီ၏ ဘဏ္ဍာရေးအခြေအနေပေါ်မူတည်၍ လာမည့် သုံးနှစ်အတွင်း GDP သည် သုံးရာခိုင်နှုန်းအထက်ကို ဆက်လက်ထိန်းထားနိုင်သည်ဟုဆိုပါသည်။

**လက်နက်တင်ပို့မှုစံချိန်တင်မြင့်မားလာမှု**

ဂျာမနီတပ်မတော် ပြုပြင်ပြောင်းလဲရေး၊ လက်နက်တည်ဆောက်မှုနှင့် နိုင်ငံရပ်ခြားစစ်ရေးလုပ်ငန်းများစသည့်နယ်ပယ်များတွင် အသုံးပြုမည့် ကာကွယ်ရေးအသုံးစရိတ်အပြင် ယူကရိန်းတွင် မောင်းသူမဲ့လေယာဉ်များ၊ မိုင်းရှင်းယာဉ်များ၊ ၁၅၅ မီလီမီတာအမြောက်ကျည်များနှင့် ကယ်လီဘာအမျိုးမျိုးရှိသောအမြောက်များကို ပံ့ပိုးပေးမည့်နိုင်ငံခြား စစ်ဘက်ဆိုင်ရာအကူအညီပေးရေးအစီအစဉ်ကိုလည်း ဝန်ကြီးက ကြေညာခဲ့သည်။

ဂျာမနီအစိုးရသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက လွှတ်တော်အမတ်များထံ ထုတ်ဖော်ပြောကြားခဲ့သည့် ပဏာမကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ်တွင် လက်နက်တင်ပို့မှုကို ယခင်ထက်ပိုမိုခွင့်ပြုခဲ့ကြောင်း တွေ့ရှိရသည်။ ယူကရိန်းပဋိပက္ခသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်းအတက်အကျကို ဖြစ်ပေါ်စေခဲ့ပြီး ယူကရိန်းသို့တင်ပို့မှုသည် ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက နှစ်ဆတိုးလာခဲ့သည်။ အဆိုပါမဟာဗျူဟာသည်မဲဆွယ်စည်းရုံးစဉ်ပြုလုပ်ခဲ့သော လက်နက်ရောင်းချမှုအပေါ် ပိုမိုတင်းကျပ်သောကန့်သတ်ချက်များကို ချမှတ်ရန် အစိုးရ၏ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်ခြင်းကြောင့် တိုးမြှင့်လာခြင်းဖြစ်သည်။ ဒီဇင်ဘာလလယ်ထိ ဂျာမနီသည်ပါလီမန်စုံစမ်းရေးကော်မရှင်၏ တုံ့ပြန်မှုတွင် ဖော်ပြထားသည့်အတိုင်း ကာကွယ်ရေးဆိုင်ရာဆောင်းပါးများ၌ ယူရို ၁၁ ဒသမ ၇ ဘီလီယံ တင်ပို့ခွင့်ပြုထားသည်ကို ဖော်ပြခဲ့သည်။ ဤပမာဏတွင် ယူရို ၆ ဒသမ ၁ဘီလီယံသည် လက်နက်များဖြစ်ပြီး ကျန်ယူရို ၅ ဒသမ ၆ ဘီလီယံကို အခြားကာကွယ်ရေးပစ္စည်းများအဖြစ် သတ်မှတ်ထားသည်။


**ပြင်ပသို့တပ်ဖြန့်လာမှု**

ဂျာမနီသည် ဥရောပရှိ NATO ၏ အကြီးဆုံးလေတပ်စခန်းဖြစ်သည့် Ramstein လေတပ်အခြေစိုက်စခန်းကိုလည်း တိုးချဲ့သွားရန် စီစဉ်လျက်ရှိပြီး Steadfast Noon နှင့် Air Defender စစ်ရေးလေ့ကျင့်မှုများအပါအဝင် NATO စစ်ရေးလေ့ကျင့်မှုကိုလည်း လက်ခံကျင်းပရန် စီစဉ်ထားသည်။ ဂျာမနီလေတပ်မှ တိုက်လေယာဉ်များသည် Exercise Kakadu လေ့ကျင့်မှုတွင်ပါဝင်ပြီး ဂျပန်၊ တောင်ကိုရီးယားနှင့် ဩစတြေးလျကဲ့သို့သော နိုင်ငံများတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ပြည်ပမီဒီယာများ၏ သုံးသပ်ချက်များအရ ဝန်ကြီးချုပ်အိုလက်စခိုးလ် ဦးဆောင်သောအစိုးရက ဥရောပတွင် ကာကွယ်ရေးမဏ္ဍိုင်အဖြစ် ထမ်းဆောင်ရန် ကြွေးကြော်သံကို အဆိုပြုလာသောကြောင့် ဂျာမနီတပ်မတော်သည် အပြင်ဘက်သို့ ပိုမိုဦးတည်လာသည်။ အထူးသဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် ၎င်း၏ ကာကွယ်ရေးလက်တံများကိုတိုးချဲ့ခဲ့ရာ အင်ဒို-ပစိဖိတ်မဟာဗျူဟာ၏ ဂျာမနီမူကွဲကို အထောက်အကူဖြစ်စေကြောင်း တွေ့ရှိရသည်။

ဂျာမနီရေတပ်သည် ၎င်း၏ အင်အားကို နှစ်နှစ်ဆက်တိုက်ပြသရန် အင်ဒို-ပစိဖိတ်ရေပြင်တွင် ၎င်း၏ သင်္ဘောများကို ၂၀၂၄ ခုနှစ်မှစတင်၍ ဖြန့်ကြက်ပြီး ပင်လယ်နီအတွင်းရှိ ဥရောပသမဂ္ဂ၏ ရေတပ်မစ်ရှင်တွင်ပါဝင်ရန် သင်္ဘောများစေလွှတ်မည်ဖြစ်သည်။ ဂျာမနီ၏ Hessen ဖရီးဂိတ်စစ်ရေယာဉ်သည် ဟူသီတိုက်ခိုက်ရေးသမားများက အရပ်ဘက်ကုန်တင်ရေယာဉ်များကို တိုက်ခိုက်မှုများဖြစ်ပေါ်နေချိန်တွင် ပင်လယ်နီအတွင်း ရှိရေလမ်းကြောင်းလုံခြုံရေးစိတ်ချရစေရန် ဥရောပသမဂ္ဂရေတပ်မစ်ရှင်ကို ပူးပေါင်းခဲ့သည်။ ဖေဖော်ဝါရီ ၈ ရက်တွင် ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်ပစ္စတိုးရီးယပ်စ်က ပင်လယ်နီအတွင်းရှိ ဥရောပသမဂ္ဂရေတပ်မစ်ရှင်သို့ တပ်ဖွဲ့ဝင်ဦးရေ ၂၄၀ နှင့်အတူ Hessen ဖရီးဂိတ်စစ်ရေယာဉ်စေလွှတ်မည့် အစီအစဉ်ကိုကြေညာခဲ့သည်။ အဆိုပါဖရီးဂိတ်စစ်ရေယာဉ်တွင် Sea Lynx ရဟတ်ယာဉ် နှစ်စင်း၊ ဆေးတပ်ဖွဲ့၊ မရိန်းတပ်ဖွဲ့နှင့် စစ်မှုထမ်းခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးပါဝင်သည်။

**ကာကွယ်ရေးအသွင်ပြောင်းမှုမောင်းနှင်ခြင်း**

စစ်ရေးတိုးချဲ့မှုနှင့်အတူ ဂျာမနီသည် ၎င်း၏ ကာကွယ်ရေးအသွင်ကူးပြောင်းမှုကို အဆက်မပြတ်မြှင့်တင်လျက်ရှိသည်။ စစ်အသုံးစရိတ်သည် GDP ၏ နှစ်ရာခိုင်နှုန်းကိုကျော်လွန်သွားနိုင်သည်ဟု ဂျာမနီပင်မမီဒီယာများက ယုံကြည်နေကြသည်။ ဥရောပကာကွယ်ရေးတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရန် မျှော်လင့်ပြီး ဥရောပရှိ NATO ၏ ဗဟိုချက်ဖြစ်လာနေချိန်တွင် ဂျာမနီသည် စစ်ရေးချုပ်ချယ်မှုအယူအဆကို စွန့်လွှတ်ကာစစ်ပွဲအတွက် ပြင်ဆင်နေကြောင်း ညွှန်ပြနေသည်။ မကြာသေးမီက ပင်လယ်နီအတွင်းရှိ ဥရောပသမဂ္ဂ၏ ရေတပ်မစ်ရှင်ကိုလည်း ဂျာမနီက လွှမ်းမိုးထားကြောင်းတွေ့ရှိရသည်။



၂၀၂၃ ခုနှစ်က ဂျာမနီဝန်ကြီးချုပ် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့စဉ်။

NATOစစ်ဆင်ရေးများတွင် ၎င်း၏ ပါဝင်ပတ်သက်မှု သိသိသာသာတိုးမြှင့်လာသည့်အပြင် ဂျာမနီသည် ၎င်း၏ခေါင်းဆောင်မှုဆန္ဒနှင့် တာဝန်များကို ဥရောပနှင့် NATO တွင်ပင် ထည့်သွင်းဖော်ပြရန် မျှော်လင့်ထားသည်။ ဥပမာအားဖြင့် ၎င်းသည် ဥရောပလေကြောင်းရန်ကာကွယ်ရေးအစီအစဉ်ကို တက်ကြွစွာ မြှင့်တင်ခဲ့ပြီး Eurofighter Typhoon တိုက်လေယာဉ် ပူးတွဲဖွံ့ဖြိုးရေးအတွက် Airbus တွင် ရန်ပုံငွေများစွာ ရင်းနှီးမြှုပ်နှံထားခြင်းဖြင့် ဥရောပဒုံးကျည်ကာကွယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်လျက်ရှိသည်။ မျိုးဆက်သစ် လက်နက်စနစ်များအတွက် ပြင်သစ်၊ အီတလီနှင့် အခြားနိုင်ငံများနှင့်ပူးပေါင်းကာ သုတေသနပြုလုပ်ခဲ့သည်။

ဂျာမနီ၏ ဖက်ဒရယ်ကာကွယ်ရေးဝန်ကြီးဌာနသည် ပင်တဂွန်စစ်ဌာနချုပ်နှင့် ဆက်ဆံရေးကို အားကောင်းစေပြီး ဂျာမနီတွင် နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ဖြန့်ကြက်ချထားမှုကို တိုးမြှင့်ရန် မျှော်လင့်ထားသည်။ သို့သော်လည်း အဆိုပါလှုပ်ရှားမှုကို ဥရောပလူထုနှင့် ငြိမ်းချမ်းသောအုပ်စုများမှ ကန့်ကွက်မှုများနှင့်ကြုံခဲ့ရသည်။ လက်ရှိအခြေအနေအရဂျာမနီ၏ ကာကွယ်ရေးအသွင်ကူးပြောင်းရေးတွင် ကြီးမားသောငွေကြေးပံ့ပိုးမှုများရှိနေသော်လည်း ကြီးမားသောဖိအားများနှင့်ရင်ဆိုင်ရကြောင်း ကာကွယ်ရေးဝန်ကြီးက ဝန်ခံခဲ့သည်။

**ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများ**

ဂျာမနီသည် ဘတ်ဂျက်တိုးမြှင့်ခြင်းနှင့် ကာကွယ်ရေးအသွင်ပြောင်းခြင်းတွင် ကြီးမားသောထင်ရှားပေါ်လွင်မှုများရှိနေသော်လည်း နိုင်ငံတကာအခြေအနေအပေါ် မူတည်၍ ထပ်လောင်းတုံ့ပြန်သက်ရောက်မှုများနှင့် ပြည်တွင်းစီးပွားရေး၊ နိုင်ငံရေးနှင့် အခြားအချက်များကြုံတွေ့ရလိမ့်မည်ဖြစ်သည်။ ဝန်ကြီးချုပ်အိုလက်စခိုးလ်သည် ၎င်းအာဏာရလာကတည်းက ဘိုင်ဒင်အစိုးရနှင့် မကြာခဏညှိနှိုင်းလုပ်ဆောင်လေ့ရှိပြီး လက်ရှိဘတ်ဂျက်ချိန်ညှိမှုကိုလည်း နောက်ပိုင်းတွင် မျက်နှာသာပေးမည့် အမှုအရာတစ်ခုအဖြစ် ရှုမြင်ထားသည်။ သို့သော်လည်းအထူးသဖြင့် ထရန့်၏ ပြန်လာမှုနှင့်ပတ်သက်ပြီး ဥရောပ၏ စိုးရိမ်ပူပန်မှုများ၊ အမေရိကန်ရွေးကောက်ပွဲ၏ ချဉ်းကပ်မှုနှင့်အတူ ဂျာမနီ၏ အမေရိကန်လိုလားသော အပြုအမူများသည် အပြန်အလှန်တုံ့ပြန်မှုမရှိဘဲ အဆုံးသတ်နိုင်သည်။ ဂျာမနီအတိုက်အခံပါတီတချို့က အမေရိကန်စစ်ရထားနှင့် နိုင်ငံ၏စည်းနှောင်မှုကို တစ်လမ်းမောင်းလမ်းကြောင်းအဖြစ်ဝေဖန်ကြပြီး စစ်အင်အားအပေါ် မဆင်မခြင် မှီခိုအားထားမှုသည် ပြည်တွင်းပြဿနာများကိုသာ သယ်ဆောင်လာမည်ဟုယုံကြည်ကြသည်။

၂၀၂၃ ဘဏ္ဍာနှစ်တွင် တွေ့ရသောစီးပွားရေးအနည်းငယ်ကျုံ့သွားမှုနှင့်အတူ ဂျာမနီ၏ ဘဏ္ဍာရေးအလားအလာသည် လက်ရှိတွင် ကတိပြုထားခြင်းမရှိပေ။ ကာကွယ်ရေးအသုံးစရိတ်များသိသိသာသာတိုးလာခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ရန်ပုံငွေများကို ကျုံ့သွားစေမည်ဖြစ်ပြီး အဆိုပါအသက်မွေးဝမ်းကျောင်းဆိုင်ရာပြဿနာများသည် အစိုးရ၏ ထောက်ပံ့မှုနှုန်းကို ကျဆင်းသွားစေမည်ဖြစ်သည်။ အလုံးစုံကုန်ထုတ်စွမ်းအားအဆင့်တွင် သိသာထင်ရှားစွာတိုးတက်မှုမရှိဘဲ စစ်ရေးအသုံးစရိတ်ဖြင့် လှုံ့ဆော်သောစစ်ဘက်ဆိုင်ရာလုပ်ငန်းများမြင့်တက်လာခြင်းသည် တိုင်းပြည်၏ နိုင်ငံခြားကုန်သွယ်မှုအပေါ် ဩဇာလွှမ်းမိုးမှုပိုမိုဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်တွင် အဓိကပါဝင်သူနှင့် ရှုံးနိမ့်ခဲ့သည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဂျာမနီ၏ စစ်ရေးအသုံးစရိတ်တိုးမြှင့်လာမှုသည်လည်း ဥရောပနိုင်ငံတချို့တွင် စိုးရိမ်ပူပန်မှုဖြစ်စေခဲ့သည်။ ပြင်သစ်မီဒီယာတချို့က ကြီးလေးသောအကျိုးဆက်များဖြစ်ပေါ်စေမည့် ငြိမ်းချမ်းရေးဝါဒကိုစွန့်လွှတ်မှုအတွက် အိုလက်စခိုးလ်အစိုးရကို ရှုတ်ချခဲ့သည်။

ခြုံ၍ဆိုရလျှင် NATO အဖွဲ့များတိုးလာခြင်း၊ ရုရှား-ယူကရိန်းပဋိပက္ခဆက်လက်ဖြစ်ပွားနေခြင်းများကြောင့် ဥရောပ၏လုံခြုံရေးအခြေအနေများ ပိုမိုရှုပ်ထွေးလာသကဲ့သို့ ဒေသတွင်းနိုင်ငံများ၏ ကာကွယ်ရေးတည်ဆောက်မှုများလည်း ပြုပြင်ပြောင်းလဲလာခဲ့ကြသည်။ အဓိကအားဖြင့် စစ်အေးတိုက်ပွဲကာလအတွင်းကရှိခဲ့သော စစ်လက်နက်ပစ္စည်းများသည် ယူကရိန်းနိုင်ငံသို့ ထောက်ပံ့ခြင်းဖြင့် အသစ်များကို အစားထိုးလာခဲ့ကြသည်။ ဂျာမနီသည်လည်း ယခင်က လုပ်ဆောင်ခဲ့ခြင်းမရှိသည့် ကာကွယ်ရေးအသုံးစရိတ်သုံးစွဲမှုကို ယခုအခါ စံချိန်တင်တိုးမြှင့်ခဲ့ပြီး ကာကွယ်ရေးတည်ဆောက်မှုနှင့် ခြေဆန့်မှုများလုပ်ဆောင်လာကြောင်းတွေ့ရှိရသည်။ ခရိုင်းမီးယားတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟူသော အငြင်းပွားဖွယ်သတင်းပေါက်ကြားမှုနှင့်ပတ်သက်၍လည်း ရုရှားနှင့် တင်းမာမှုဖြစ်ပေါ်စေနိုင်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ်တွင် အဓိကပါဝင်ခဲ့သည့်နိုင်ငံဖြစ်သကဲ့သို့ စစ်ရှုံးခဲ့သည့် ဂျာမနီ၏စစ်ရေးအင်အားပြန်လည်တည်ဆောက်ရေးလုပ်ဆောင်လာမှုသည် ဥရောပလုံခြုံရေးကို ပိုမိုရှုပ်ထွေးလာစေနိုင်ကြောင်း သုံးသပ်ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- Germany boosts defense transformation via record military expenditure, China Military Online, March.5 2024

**မောင်ဝေလွမ်း(သုတေသီ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၁၀၈၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**တမူး မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၁၀၈၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း စိုက်ခင်းများကို ဇန်နဝါရီလမှ စတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၁၀၈၇ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ပြောင်းဖူး အဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ၁၂၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ၁၀၈၇ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက် ရိတ်သိမ်းလျက်ရှိပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၂၇၇ ဧက၊ တမူးမြို့နယ်တွင် ၃၅၅ ဧက၊ ခါမ်းပါတ်မြို့တွင် ၄၅၅ ဧက စုစုပေါင်း ၁၀၈၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မြို့သစ်မြို့နယ်တွင် ၂၈၅ ဧက၊ တမူးမြို့နယ်တွင် ၃၇၈ ဧက၊ ခါမ်းပါတ်မြို့တွင် ၅၉၆ ဧက စုစုပေါင်း ၁၂၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်မန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အိမ်တိုင်ရာရောက်ရေသွယ်တန်းခြင်းလုပ်ငန်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ အနက် ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ပေ ၄၃၄၃၀ အိမ်တိုင်ရာရောက်ရေသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၇၇၇ သန်းဖြင့် Silver Net ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဓငိမာ**

# ကကူရံငါး၏ သဘာဝနှင့်အသုံးဝင်ပုံ

**နှင်းအိ(ရာမညမြေ)**

ကကူရံငါးမှာ ရေအောက်ငါး (Demersal fish) များဖြစ်ကြပြီး ရေငန်ပိုင်း၊ ရေချို၊ ရေငန်စပ်တို့တွင် အများဆုံးတွေ့ရလေ့ရှိပြီး ရွံ့နှင့်သဲရောစပ်နေသော ရေတိမ်ကမ်းစပ်များတွင်လည်း ဖမ်းဆီးရတတ်သည်။ ကကူရံငါး၏ သိပ္ပံအမည်မှာ Eleutheronema tetradactylum ဖြစ်ပြီး အင်္ဂလိပ်အမည် Four finger threadfin ဖြစ်သည်။ ကကူရံငါးမှာ ခန္ဓာကိုယ်ရှည်လျားပြီး ဘေးတိုက်အနည်းငယ်ပြားသည်။ မျက်လုံးကြီးပြီး နှာရောင်ရှည်လျားသည်။ ပါးစပ်ကျယ်ပြီး အောက်သို့ကျနေသည်။ ထင်ရှားပေါ်လွင်သော ကျောဆူးတောင် နှစ်ခုပါရှိသည်။ အမြီးခွနက်သည်။ အကြေးခွံများမှာသေးငယ်၍ ဒေါင်လိုက်ပေါက်သော ဆူးတောင်ဖျားထိ ဖုံးအုပ်နေတတ်သည်။ ငါး၏အရောင်မှာ ငွေရောင်နှင့်အစိမ်းရောင်ရောစပ်ထားသော အရောင်မျိုးဖြစ်သည်။ မျှော့ပိုက်များတွင် ကကူရံငါးကိုရမိတတ်ကြသည်။ ကကူရံငါးမှာ ငါးပုဏ္ဏားနှင့်မျိုးရင်းတူဖြစ်ပြီး ဆူးတောင်ရိုးပျော့သော ငါးအုပ်စုဝင်များဖြစ်ကြသည်။ ကကူရံငါးမှာ အသားစားအနွယ်ဝင်များဖြစ်ကြပြီး ငါး၊ ပုစွန်များကို ၎င်းတို့၏အစာအဖြစ် စားလေ့ရှိကြသည်။

ကကူရံငါးမှာ ဒေသအခေါ်အရ အမျိုးမျိုးကွဲပြားကြသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် "ကွဲရင်"ဟုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် "ငါးလက်ခွာ"ဟုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် "ကခူရင်"ဟုလည်းကောင်း အမည်သုံးမျိုးဖြင့် ထင်ရှားသော ကကူရံငါးသည် ကမ်းရိုးတန်းဒေသတစ်လျှောက်၊ ကမ်းရိုးတန်းဒေသနှင့်ဆက်စပ်နေသောမြစ်ဝကြီးများ၊ မြစ်ကြီးများတွင် ဖမ်းဆီးရမိသောတန်ဖိုးကြီးငါးမျိုးဖြစ်သည်။

**သွင်ပြင်လက္ခဏာနှင့် နေထိုင်သည့်ဓလေ့**

ကကူရံငါးကိုပင်လယ်ကမ်းရိုးတန်းရေပြင်၊ ဒီရေရောက်မြစ်ဝများ၊ မြစ်နီးကမ်းစပ်ပင်လယ်ထုံးကျောက်အိုင်များနှင့် ကြည်လင်သည့်ရေနှင့် နောက်ကျိသည့်ရေထိတွေ့ရသည်။ အစာရရှိရန်၊ မျိုးပွားရန်နှင့်အခြားသောအကြောင်းရင်းများအတွက် ရွှေ့ပြောင်းသွားလာလေ့ရှိကြသည်။ ကကူရံငါးသည် လိင်စုံသတ္တဝါဖြစ်သည်။ သားလောင်းနှင့် သားပေါက်ငယ်များသည် ရေချို၊ ရေငန်စပ်နှင့် ဒီရေရောက်မြစ်ဝများတွင် ယာယီနေထိုင်လေ့ရှိကြပြီး အရွယ်ရောက်သားပေါက်များသည် မြစ်အထက်ပိုင်းသို့ ရောက်ရှိနေထိုင်ကြသည်။ ကကူရံငါးများသည် အကာအကွယ်ရရန် ရေအောက်ရှိသစ်တုံးများ၊ သစ်ပင်များတွင်ခိုအောင်းနေလေ့ရှိပြီး ငါး၊ ပုစွန်ငယ်များကိုစားသောက်ကြကာ အရွယ်မရောက်သေးသောသားပေါက်များသည် အင်းဆက်များကို စားသုံးကြသည်။

အကောင်းဆုံးအခြေအနေရှိပါက ကကူရံငါးသည် ကန်များအတွင်း တစ်နှစ်လျှင် ဂရမ် ၁၅၀၀ မှ ဂရမ် ၃၀၀၀ ထိ ကြီးထွားနိုင်ကြောင်း သိရသည်။ ကကူရံငါးသည် ခြောက်ပေကျော်ထိ အရွယ်အစားကြီးမားနိုင်သည်။ ခန္ဓာကိုယ်ရှည်၍ အနည်းငယ်သွယ်သည်။ ကျောရိုးဆူးတောင် ခုနစ်ခုမှ ကိုးခုထိ၊ ကျောရိုးဆူးတောင်ပျော့ ၁၃ ခုမှ ၁၄ ခုထိ၊ စအိုဆူးတောင် သုံးခု၊ စအိုဆူးတောင်ပျော့ ၁၀ ခုမှ ၁၂ ခုထိရှိသည်။ နှာရောင်ပွ၍ဝိုင်းပြီး ပါးစပ်၏ရှေ့သို့သိသာစွာ ငေါ်ထွက်နေသည်။ ရင်ရေယက်အောက်တွင် အမျှင် ငါးခု



စီပါရှိသည်။ မျက်လုံးကြီးမားပြီး ပါးစပ်ကျယ်၍နက်သည်။ အပေါ်မေးရိုးသည် မျက်စိ၏နောက်ဘက်ထိ ဆန့်ထွက်နေသည်။ ပါးဟက်အောက်ဘက်အစွန်းမှာ လွှသွားပုံဖြစ်ပြီး ပါးဟက်ထောင့်ချိုးတွင် သန်မာသော ဆူးများပါရှိသည်။ အမြီးနှစ်ခွဖြစ်ပြီး အပေါ်အောက် အချိုးညီသည်။ ဆူးတောင်များထိ သေးငယ်သော အကြေးခွံများ ဖုံးအုပ်နေတတ်သည်။ ငွေရောင်နှင့် အစိမ်းရောင်ရောစပ်ထားသော အရောင်မျိုးဖြစ်သည်။ ကိုယ်နံဘေးတွင် သေးငယ်သော အမည်းစက်လေးများ ပါသည်။ ဝမ်းဗိုက်နှင့် စအိုဆူးတောင်တို့၏ အနားတစ်လျှောက်တွင် အဝါနုရောင်သန်းသည်။ ပါးဟက်ပေါ်၌ အမည်းကွက်တစ်ခုစီပါရှိသည်။

**မျိုးပွားရာသီ**

ကကူရံငါး အများဆုံးဖမ်းဆီးရရှိသောကာလမှာ တပေါင်း၊ တန်ခူး၊ ကဆုန်လတို့ဖြစ်သည်။ ထိုကာလသည် ကကူရံငါးတို့၏မျိုးပွားရာသီပင်ဖြစ်သည်။ မျိုးပွားချိန်တွင် ရေချို၊ ရေငန်စပ် မြစ်ဝကျယ်ကြီးများ၊ မြစ်ဆုံကြီးများတွင် ကကူရံငါးများကို အုပ်စုလိုက် ဖမ်းဆီးရမိလေ့ရှိပြီး ဖမ်းဆီးရမိသောငါးများတွင် မျိုးရည်များ၊ ဥများနှင့်ပင်ဖြစ်၏။ ဆောင်းရာသီ ပင်လယ်ရေအေးရာမှ အနွေးဘက်သို့ ပြောင်းလဲလာသည့်အချိန်လည်းဖြစ်ပြီး မြောက်လေအားပျော့၍ တောင်လေတိုက်စကာလဖြစ်ရာ ရံဖန်ရံခါ ပင်လယ်လှိုင်းငယ်လေးများထကြွသည့်ကာလဖြစ်သည်။ ၎င်းကာလကို ရခိုင်ပြည်နယ်က "ရာသီပြန်သည်"ဟုခေါ်သည်။

**ကကူရံငါးအသုံးဝင်ပုံ**

ကကူရံငါးအသားကို လတ်လတ်ဆတ်ဆတ်ရောင်းချခြင်းအပြင် ငါးခြောက်၊ ငါးပုပ်ခြောက်အဖြစ်ပြုပြင်ရောင်းချလေ့ရှိသည်။ ထိုသို့ပြုပြင်ရောင်းချရန်အတွက်လည်း အကောင်းဆုံးငါးအဖြစ် သတ်မှတ်ထားကြသည်။ ကကူရံငါးမှရရှိသည့် ငါးစည်ဖောင်းမှာ အရွယ်အစားပေါ်မူတည်၍ တန်ဖိုးကြီးမြင့်သည်။

**ငါးလက်ခွာခြောက်နှင့် ငါးပုပ်ပြား**

ရခိုင်ပြည်နယ်၏ဓလေ့အရ ငါး၊ ပုစွန်များကို ချိန်တွယ်ရောင်းချလေ့မရှိဘဲ အကောင်လိုက်ဖြစ်စေ၊ အပုံလိုက်ဖြစ်စေ ရောင်းချလေ့ရှိသည်။ ရခိုင်ပြည်နယ်တွင် ငါးလက်ခွာခြောက်ကို စစ်တွေ၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ ကျောက်နီမော်တို့ရှိ သီးသန့်ရောင်းချလေ့ရှိသော ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ကကူရံငါးကို ငါးပုပ်ခြောက်အဖြစ် အဓိကထားထုတ်လုပ်ရောင်းချပြီး ထားဝယ်နှင့် မြိတ်မြို့တို့၏ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များနှင့် ဈေးကြီးများတွင် ဝယ်ယူရရှိနိုင်သည်။ ရေလုပ်ငန်းလုပ်ကိုင်နေသော ကျေးရွာများတွင် ကကူရံ၊ ပင်လယ်ငါးပြေမ၊ ဇယောကြီး၊ ဘီးဇင်း စသည့်ငါးမျိုးများမှ ငါးပုပ်ခြောက်ပြုလုပ်နိုင်သော်လည်း ကကူရံငါးပုပ်ခြောက်မှာ အကောင်းဆုံးဖြစ်သည်။ ကျွန်းစုမြို့နယ်ရှိ စခန်းသစ်ကျေးရွာသည် ကကူရံငါးပုပ်ခြောက်ထုတ်လုပ်ရောင်းချရာတွင် နာမည်ကြီးသည်။

**ကကူရံစည်ဖောင်းဈေးကွက်**

ကကူရံစည်ဖောင်းမှာ တန်ဖိုးကြီးပြီး အဓိကဈေးကွက်အဖြစ် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည်။ ရခိုင်ပြည်နယ်တွင် စည်ဖောင်းခြောက်၏ အလေးချိန် အရွယ်အစားအပေါ်မူတည်၍ တစ်ပိဿာဈေးနှုန်းကို သတ်မှတ်ရောင်းဝယ်ကြသည်။ စစ်တွေနှင့် ကျောက်ဖြူမြို့တို့တွင် ငါးစည်ဖောင်းအရွယ်အစားပေါ်မူတည်ပြီး ဈေးအနည်းအများကွာခြားကာ စည်ဖောင်းတစ်ပိဿာလျှင် အနည်းဆုံးငွေကျပ် သုံးသိန်းမှ အများဆုံးငွေကျပ် ၁၄ သိန်းထိရှိသည်။ ဖမ်းဆီးရမိသည့် ကကူရံငါးများကို ရေလုပ်သားများက ငါးအဝယ်ဒိုင်များသို့ရောင်းချလေ့ရှိသည့်အပြင် ထိုင်းနိုင်ငံသို့လည်း ကုန်းလမ်း၊ ရေလမ်းဖြင့် ရေခဲရိုက်ငါးအဖြစ် တင်ပို့ရောင်းချကြသည်။

**ကကူရံငါး စားဖွယ်စုံ**

ကကူရံငါးမှာ အဆိပ်အတောက်ကင်းသည်ဟု သိရပြီး ဖျားနာသူများလည်း စားသုံးနိုင်သော ငါးအမျိုးအစားတွင်ပါဝင်သည်။ "ကကူရံ တစ်တုံး၊ ရေတစ်ပုံး"ဆိုသည့်အတိုင်း ဟင်းချက်ရာတွင် အရည်များများဖြင့် ဆီကျန်ရေကျန်ဟင်းချက်စားကြသည်။ ဒေသခံများမှာ အရသာကောင်းမွန်သည့်ကကူရံငါးကို ရှေးယခင်ကတည်းက တန်ဖိုးထားစားသုံးခဲ့ကြ သည်။ ကကူရံငါးအသားလွှာ တန်ပူရာကြော်၊ ကကူရံဒန့်သလွန်သီးချက်၊ ကကူရံငါးခေါင်းချဉ်ရည်ဟင်း၊ ကကူရံငါးပေါင်းထုပ်၊ ကကူရံငါးပုပ်ခြောက် ထမင်းကြော်၊ ပဲဆီပေါင်း၊ ဆီကျန်ရေကျန်အစပ်ဟင်းစသည့်ဟင်းလျာများမှာ နာမည်ကြီးသည်။ ကကူရံငါးခြောက်၊ ကကူရံငါးပုပ်ခြောက်များမှာလည်း ဈေးကောင်းလူကြိုက်များလှပြီး မီးဖုတ်၊ ဆီစိမ်ထား၍ စားသုံးကြပါသည်။ ထို့ပြင် ကကူရံငါးမှ ငါးစည်ဖောင်းကို ဒေသခံများက ငါးစည်ဖောင်းသုပ် သုပ်စားလေ့ရှိကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကကူရံငါးသည် တန်ဖိုးမြင့် ပင်လယ်ငါးအမျိုးအစားတွင် ပါဝင်သည်။ ကကူရံငါး၏အသားမှာ အရသာကောင်းမွန်ရုံသာမက ကကူရံငါးခြောက်၊ ကကူရံငါးပုပ်ခြောက်မှာလည်း နာမည်ကြီးပြီး ငါးစည်ဖောင်းမှာလည်း အလွန်အဖိုးတန်လှပါသည်။ ထို့ပြင် ကကူရံငါးကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ထိပါ တင်ပို့ရောင်းချနေရသဖြင့် နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိနေသောရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်းအတွဲ (၁)၊ အပိုင်း(က)**

**(၂) ငါးလုပ်ငန်းစာစဉ်အတွဲ (၁)၊ အမှတ်(၃)**

**(၃) Fish Base of Myanmar**

**(၄) Inland Fisheries of Myanmar**

# စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ မတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများကို မတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ၊ လစဉ်ပေးပို့ရမည့် စာရွက်စာတမ်းများပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း အတိုး၊ အရင်းငွေများကို ပေးသွင်းစေလိုကြောင်း မှာကြားခဲ့သည်။

မွန်ဇော်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်အတွင်း နေကြာစိုက်ပျိုးသောတောင်သူ ၂၇ ဦး၊ နှမ်းစိုက်ပျိုးသောတောင်သူ ၄၃ ဦး စုစုပေါင်းတောင်သူဦးရေ ၇၀ ၏ ဆီထွက်သီးနှံစိုက်ဧက ၁၅၄ ဧကအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ၁၀၃ သိန်း ထုတ်ချေးပေးထားကြောင်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိရသည်။



**ကိုညီ**

ပေါက်ပေါက်

# နေပူပူမှာ အပူငြိမ်းစေမည့်အစားအစာများ

မြန်မာနိုင်ငံအရပ်ရပ်၌ နွေကာလဖြစ်သည့် မတ်၊ ဧပြီနှင့် မေလတို့တွင် နေ့အပူချိန်များတဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲပိုင်း၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မတ်လဆန်းကစပြီး သတိပေးထားသည်။ အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

မှန်ပေသည်။ ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် တပို့တွဲလပြည့်နောက်ပိုင်းကစပြီး နေ့အပူချိန်များမြင့်တက်လျက်ရှိသည်။ အနီးစပ်ဆုံးသာဓကပြရလျှင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နှင့် လောင်းလုံမြို့တို့တွင် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က အမြင့်ဆုံးအပူချိန်စံချိန်တင်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ ထားဝယ်မြို့၏ အမြင့်ဆုံးအပူချိန်သည် ၃၈ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒသမ ၉ ဒီဂရီဖယ်ရင်ဟိုက်) ဖြင့် နှစ်ပေါင်း ၇၈ နှစ်အတွင်း အမြင့်ဆုံးဖြစ်ကြောင်း၊ လောင်းလုံမြို့၏ အမြင့်ဆုံးအပူချိန်သည် ၃၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖယ်ရင်ဟိုက်) ဖြင့် နှစ်ပေါင်း ၄၁ နှစ်အတွင်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အပူချိန်မြင့်တက်နေမှုသည် မိုးမရွာမချင်း ပူနေဦးမည်ဖြစ်ကာ အပူချိန်ကို ဇွန်လလယ်ထိသတိထားနေရဦးမည်ဖြစ်သည်။ ကျန်းမာရေးသုတတစ်ရပ်အနေဖြင့် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်သည် အန္တရာယ်ရှိနေပြီး ၄၀ ဒီဂရီစင်တီဂရိတ်ကျော်လျှင် အလွန်အန္တရာယ်ကြီးနေပြီဖြစ်သည်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် မကျော်သော်လည်း ၄၀ ဒီဂရီစင်တီဂရိတ်ခန့်တွင် ရက်တွေကြာလာပါက အန္တရာယ်ကြီးပြီး ၎င်းကို အပူလျှပ်သည်ဟု ခေါ်သည်။ ထိုကဲ့သို့ အပူချိန်မြင့်တက်နေချိန်တွင် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များကပို၍ သတိထားနေထိုင်သင့်သည်။ ထို့ပြင် သက်လတ်ပိုင်းအရွယ်များတွင်လည်း အနေအထိုင်အစားအသောက်မှားသွားပါက အပူလျှပ်မှုဖြစ်ပေါ်ခံစားရနိုင်သဖြင့် မပေါ့ဆသင့်ပေ။

**ပူနွေးလာသောကမ္ဘာ**

သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅၄ ဘီလီယံခန့် ကြာမြင့်ခဲ့ပြီဟု ခန့်မှန်းထားသောကမ္ဘာကြီးသည် လွန်ခဲ့သောနှစ်သန်းပေါင်းများစွာကအနေအထားထက် များစွာပြောင်းလဲခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာမှတ်တမ်းများအရ ကမ္ဘာကြီး၏ လက်ရှိအပူချိန်သည် ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်များကထက် ၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ခန့် တက်နေပြီး ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ပိုမြင့်လာနိုင်သည့်အခြေအနေသို့ ဦးတည်နေသည်။

ကမ္ဘာကြီးသည် ယနေ့ကာလတွင် အယ်နီညို၊ လာနီညာ ရာသီဥတုဖောက်ပြန်မှုများကို ပိုမိုကြုံတွေ့လာရသည်။ အကျိုးဆက်အားဖြင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းများ မကြာခဏတိုက်ခတ်ခြင်း၊ ရေခဲများ အရည်ပျော်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ အစားအစာနှင့် သောက်သုံးရေရှားပါးလာခြင်း စသည့်ဖြစ်စဉ်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခံစားနေရသည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါ ဖြစ်စဉ်အချို့ကို အခြားနိုင်ငံများနည်းတူ ခံစားလာရသည်။

ယခင်နှစ် နှစ်ကုန်ကထုတ်ပြန်ခဲ့သော Lancet Countdown၏ ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာကလည်း လာမည့်ဆယ်စုနှစ်များတွင် အပူလွန်ကဲမှုကြောင့် လက်ရှိကာလထက် လူပေါင်း ငါးဆခန့် ပိုမိုသေဆုံးလိမ့်မည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် အရေးတယူမလုပ်ဆောင်ပါက လူသားမျိုးနွယ်တစ်ခုလုံး၏ ကျန်းမာရေးအပေါ် အလွန်ကြီးမားသည့် အန္တရာယ်ကျရောက်နိုင်ကြောင်း၊ ၁၉၉၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ် တွင်လည်းကောင်း အပူလွန်ကဲမှုကြောင့် အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးရွယ်အိုသေဆုံးမှု ၈၅ ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် ၎င်းအရေအတွက်သည် ၂၀၅၀ ပြည့်နှစ်ခန့်တွင် ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်လာနိုင်ကြောင်း ဖော်ပြထားသည်။



**အပူငြိမ်းစေမည့် အစားအစာများ**

သက်ရှိလူသားတစ်ဦးအတွက် ကိုယ်တွင်းအပူချိန်သည် ပျမ်းမျှ ၉၈ ဒသမ ၆ ဒီဂရီဖြစ်ပြီး ရာသီဥတုပေါ်မူတည်၍ ၎င်းပမာဏထက် အပူချိန်အတက်အကျ အနည်းငယ်ပြောင်းလဲတတ်သည်။ ခန္ဓာကိုယ်တွင်းအပူချိန်က သူ့အလိုလိုအေးသွားခြင်းမျိုး မရှိတတ်ပေ။ လိုအပ်သည်ထက် အပူချိန်များနေပါက ပိန်ချုံးလာခြင်း၊ ကြွက်တက်ခြင်း၊ လျှာနှင့် နှုတ်ခမ်းများ သာမက အရေပြားပေါ်တွင် အဖုအပိမ့်များထွက်လာခြင်း၊ ဝက်ခြံထွက်ခြင်း၊ ခေါင်းမူးဝေခြင်း၊ ပျို့အန်ခြင်း စသည်တို့အပြင် ခန္ဓာကိုယ်တွင်းကလီစာများ အထူးသဖြင့် ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။

အပူငြိမ်းအေးစေရန်အတွက် အဓိကဆေးမှာ ရေဝဝသောက်၍ တစ်နေ့လျှင် ရေနှစ်ကြိမ်ချိုးခြင်းဖြစ်သည်။ အောက်ဖော်ပြပါအစားအစာများက ခန္ဓာကိုယ်တွင်း အပူငြိမ်းအေးစေသဖြင့် ယခုကဲ့သို့ ရာသီကူးပြောင်းစ နေ့အပူချိန်များသောကာလတွင် မဖြစ်မနေ စားပေးသင့်သည်။

- လူ့ခန္ဓာကိုယ်၏သုံးပုံနှစ်ပုံကို အရည်ဓာတ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ဖရဲသီးတစ်လုံးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းဖွဲ့စည်းထားသဖြင့် ရင်ကိုအေးမြစေသည်။ ရေဓာတ်ကြွယ်ဝသော ဖရဲသီးကိုစားခြင်းဖြင့် ရေငတ်ပြေစေပြီး ခန္ဓာကိုယ်တွင်းရှိ အပူရှိန်ကိုလျှော့ချပေးနိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်ထဲရှိ ဆုံးရှုံးသွားသော အရည်ဓာတ်ကို ပြန်လည်ဖြည့်တင်းပေးကာ လူကို လန်းဆန်းအမောပြေလာစေသည်။
- ကြံရည်သောက်ပါ။ နေပူလောင်ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုများအတွက် ကြံရည်က ခန္ဓာကိုယ်ကို အချိန်တိုအတွင်းမှာပင် ရေဓာတ်အားဖြည့်ပေးနိုင်သည်။ ကျောက်ကပ်ကို အားပေးပြီး ပူပြင်းသောရာသီ၌ ဆီးချုပ်၊ ဆီးအောင့်ခြင်းမှ ကာကွယ်ပေးသည်။ အပူလျှပ်၍ ဖျားချင်သလိုခံစားနေရသူများအတွက် ကြံရည်က ကိုယ်တွင်းအပူငြိမ်းစေပြီး ပရိုတင်းအားဖြည့်ဓာတ်စာအဖြစ် အာနိသင်ထက်မြက်သည်။ ထို့ကြောင့် နွေပူပူ၊ ရင်ပူပူတွင် အပူငြိမ်း၊ သည်းခြေအေးစေမည့်ကြံရည်ကို သဘာဝ၏ အာဟာရအဖြစ် သောက်သုံးပေးသင့်သည်။ ကျန်းမာရေးအတွက်ကြံရည်သောက်ရန် အသင့်တော်ဆုံးအချိန်မှာ နေ့လယ်နေ့ခင်းဖြစ်သည်။
- သခွားသီးတွင် ရေဓာတ်ကြွယ်ဝစွာပါရှိ၍ ခန္ဓာကိုယ်ကို ထိထိရောက်ရောက်အေးမြစေသည်။ ထို့ကြောင့် ငွေကြေးအားဖြင့် တန်ဖိုးနည်းသော်လည်း အာဟာရတန်ဖိုးများပြားလှသည့် သခွားသီးများကို နေ့စဉ် စားပေးသင့်သည်။
- ပူဒီနာရွက်က ခန္ဓာကိုယ်အတွင်းပိုင်းကို အေးမြစေသဖြင့် မြန်မာ၊ အိန္ဒိယ၊ ဗီယက်နမ်၊ မကာအို စသည့်အာရှတိုက်တစ်ခွင်ရှိ ရှေးတိုင်းရင်းဆေးဆရာကြီးများက ပူဒီနာပင်များကို အပူငြိမ်းဆေးအဖြစ် ဆေးဝါးဖော်စပ်လာခဲ့ကြသည်။
- မုန်လာဥအဖြူစားပါ။ မုန်လာဥအဖြူတွင် ဗီတာမင်စီပါရှိနေသည့်အပြင်၊ ကိုယ်တွင်းအပူရှိန်ကိုတိုက်ထုတ်ပေးနိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း အလုံအလောက်ပါရှိနေကြသည်။ ထို့ကြောင့် အပူလျှပ်ခြင်းကို တိုက်ထုတ်ပေးနိုင်သော မုန်လာဥအဖြူကို မဖြစ်မနေစားပေးသင့်ပေသည်။
- နှမ်းစေ့များက အပူငြိမ်းအေးစေသောအိမ်တွင်းဆေးဝါးတစ်မျိုးဖြစ်သည်။ နှမ်းစားပြီးနောက် ရေများများသောက်ပါ။ ထန်းလျက်ဖြင့် ယိုထိုးထားသောနှမ်းပျစ်၊ နှမ်းယိုများကလည်း အပူငြိမ်းအေးစေရန် အထောက်အပံ့ပေးနိုင်သည်။
- စမုန်စပါးအစေ့များကို သောက်ရေခွက်ထဲ တစ်ညသိပ်ပြီးစိမ်ထားပါ။ နံနက်အိပ်ရာထ ရေသောက်ရင်း ၎င်းအဖတ်များကိုပါ ကုန်အောင်ဝါးစားပေးပါ။ တစ်နေ့တာလုံးအပူငြိမ်းအေးစေနိုင်သည့်အပြင် ခံတွင်းရနံ့ကိုပါ သန့်ရှင်းစေသည်။
- အုန်းစိမ်းရည်သောက်ပါ။ အုန်းသီးစိမ်းနုနုမှရသောအုန်းစိမ်းရည်က ခန္ဓာကိုယ်တွင်း အပူငြိမ်းစေသော သဘာဝဆေးကောင်းတစ်လက်ဖြစ်သည်။ ကိုယ်တွင်းအပူဓာတ်များသူများနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ မဖြစ်မနေမှီဝဲသင့်သည်။ ရေဓာတ်ခန်းခြောက်ခြင်းမှလည်း အထူးကာကွယ်ပေးနိုင်သည်။
- သလဲသီးနှင့် သလဲသီးဖျော်ရည်များက ခန္ဓာကိုယ်ကိုအေးမြစေပြီး ကိုယ်တွင်းအပူများကို သူ့အလိုလိုစုပ်ယူပစ်နိုင်သည်။ ယခုလို ပူလွန်းသောကာလများတွင် သလဲသီးက နေ့စဉ်စားသုံးသင့်သော သီးနှံတစ်ခုဖြစ်သည်။
- ဘိန်းမုန့်၊ ဆနွင်းမကင်း စသည့် သရေစာမုန့်များတွင် အသုံးပြုလေ့ရှိသောဘိန်းစေ့များက ကိုယ်အပူရှိန်ကို ပုံမှန်ဖြစ်အောင် အထောက်အပံ့ပေးသည်။ ညအိပ်ရာဝင်ခါနီး ဘိန်းစေ့လက်တစ်ဆုပ်ဝါးစားပြီး ရေသောက်အိပ်ပါက နှစ်ခြိုက်စွာအိပ်မောကျစေသည့်အပြင် နံနက်အိပ်ရာမှထလာပါက တစ်နေ့တာလုံး အပူငြိမ်းအေးစေသည်။
- ပဲနံ့သာအစေ့ မှီဝဲပါ။ ရှေးရှေးကစ၍ ယနေ့ထိတိုင် အိန္ဒိယနိုင်ငံတွင် အပူငြိမ်းဆေးတိုင်းရင်းကုထုံးဖြင့် ပဲနံ့သာပင်အစေ့များကို အသုံးပြုလျက်ရှိသည်။(ပဲနံ့သာပင်အစေ့များကို အိန္ဒိယပရဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။)
- နွားနို့သောက်ပါ။ ကိုယ်တွင်းအပူငြိမ်းလိုသူများ ကျိုချက်ပြီးနွားနို့ကို အအေးခံ၍ နံနက်တိုင်း သောက်ပေးပါ။ သို့မဟုတ် နွားနို့ကို ပျားရည်အနည်းငယ်ခတ်၍ သောက်နိုင်သည်။(ရေခဲဖြင့် အအေးခံထားသောနို့အေးကို မဆိုလိုပါ)
- သံပရာရည်သောက်ပါ။ နံနက်အိပ်ရာထ သံပရာရည်တစ်ခွက်သောက်ခြင်းကလည်း ကိုယ်တွင်းအပူငြိမ်းအေးစေရုံမျှမက အနေအထိုင်ပေါ့ပါးလန်းဆန်းလာပြီး တစ်နေ့တာလုံး သက်လုံကောင်းစေသည်။
- ဘူးသီး၊ သခွားမွှေး၊ ကြက်ဟင်းခါးသီး၊ ပန်းငရုတ်ပွ၊ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ နာနတ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သဘော်သီး၊ ဒိန်ချဉ်၊ ထန်းရည်ချို၊ ဆီးသီး၊ ဆီးယို၊ ငှက်ပျောသီးမှည့်၊ စတော်ဘယ်ရီ၊ မုန်လာဥနီ၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ကြက်သွန်နီ စသည်တို့ကလည်း ကိုယ်တွင်းအပူရှိန်ကို လျှော့ချပေးနိုင်သည်။
- လက်ဖက်ခြောက်ရေနွေးကြမ်းသောက်ခြင်းကလည်း နေပူ၊ လေပူဒဏ်ကြောင့် ရင်ပူခြင်းကို သက်သာစေကာ ရေငတ်ပြေစေသည်။

**(သတိရှိရန်)**

နေပူပူထဲ အချိန်ကြာမြင့်စွာသွားလာပြီးနောက် ရေခဲရေများ၊ ရေနွေးပူ၊ စွပ်ပြုတ် စသည့်အရည်ပူပူများ၊ ငရုတ်သီး၊ ချင်း၊ မျှစ်ချဉ်၊ ငရုတ်ကောင်း၊ ပတဲကော စသည့် ပူပူလောင်လောင်အစပ်များ စားသောက်ခြင်း၊ ရေ(အရည်)သောက်သုံးမှု ပမာဏလွန်စွာနည်းပါးခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်တွင်း အပူရှိန်မြင့်တက်လာစေသည်။

အချုပ်အားဖြင့်ဆိုသော် အယ်နီညိုရာသီဥတု၏ မိုးတိမ်တောင်ဖြစ်စဉ်ကြောင့် နေပူ၊ မိုးရွာဖြစ်တတ်၍ အပူကန်လည်ချောင်းနာခြင်း၊ မျက်စိနာခြင်း၊ အပူချောင်းဆိုးခြင်းတို့ကို ဖြစ်ပေါ်ခံစားရတတ်သည်။ ခန္ဓာကိုယ်တွင်းအပူလျှော့စေရန်အတွက် အထက်ဖော်ပြပါ အစားအသောက်များကို ဦးစားပေးရွေးချယ်စားသုံးရင်း အရောင်ဖျော့ဖျော့ချည်သားအဝတ်အထည်ပွပွများကိုဝတ်ဆင်ပါ။ မဖြစ်မနေအိမ်ပြင်ထွက် သွားလာရပါက ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးနိုင်သည့် UV ပါသောအရောင်ရင့်ရင့်ရောင်ပြန်ထီးဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။ ဦးထုပ်ဆောင်းပါ။ သွားလေရာသို့ သောက်ရေဘူးငယ်တစ်ဘူးဆောင်ထားပြီး မကြာခဏရေသောက်ပါ။ သနပ်ခါးရေကျဲလိမ်းပါ။

နွေရာသီ နေပူပူတွင် ရာသီဥတုအပူဒဏ်ကို ကာကွယ်ရန်အတွက် အပူငြိမ်းစေမည့်အစားအစာများကိုစားသုံးခြင်းဖြင့် ကျန်းမာရေးကို ဂရုစိုက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထီ** — ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** — ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** — တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** — စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** — ပဉ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** — ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** — ဒုတိယဆု
ဇာမဏီ

၃။ **ရွှေသို့ချီမည် ပန်းတိုင်ဆီ** — တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** — စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နှံ့နှစ်မခံ** — ပဉ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** — ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** — ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရှေ့သို့ချီအံ့** — တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ဗည်းမော်ကွန်း** — စတုတ္ထဆု
အောင်နိုင်သူ(ဇွဲကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာပြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** — ပဉ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရုဏ်ကျင်း နေမင်းဖြစ်ပါစေ** — အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** — အထူးဆု(၂)
ညွန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** — အထူးဆု(၃)
ဟန်ညွန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** — ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** — ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** — တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဒြပ်မြင့်မြတ်ထင်ပေါ်တပ်မတော်** — စတုတ္ထဆု
မနော်ဖြူ

၅။ **အလံစောင့်၏သစ္စာ** — ပဉ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်းဌာနီ မြန်မာပြည်** — အထူးဆု(၁)
မြတ်ထွဏ်းနောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** — အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** — အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** — ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** — ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ မွှေးပြီလေ** — တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** — စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** — ပဉ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** — အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** — အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** — အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** — ပထမဆု
ခန့်ပိုင်

၂။ **မန္တမ်းသောပန်း မခန်းသောရေ** — ဒုတိယဆု
ညိမ်းညို

၃။ **အမိရောဝတီ စီးဆင်းတည်ရှိနေသမျှ** — တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** — စတုတ္ထဆု
မနော်ဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသချေ** — ပဉ္စမဆု
အမေ့သား(နတ်မောက်)

၆။ **ခိုင်ကြည်သောသစ္စာဖြင့်** — အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** — အထူးဆု(၂)
ကျော်တေဇ(ဥက္ကလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** — အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)၊

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်းအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း ချင်းမိုင်၊ ဗီယင်ကျန်း၊ ဒါကာ၊ ဒိုဟာမြို့တို့သို့ ပျံသန်းပြေးဆွဲသွားမည်




**ရန်ကုန် မတ် ၁၀**

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်း (MAI) အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း ပြည်ပလေကြောင်းခရီးစဉ်သစ်အဖြစ် ချင်းမိုင်၊ ဗီယင်ကျန်း၊ ဒါကာ၊ ဒိုဟာမြို့တို့သို့ ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း MAI ၏ စီးပွားရေးဆိုင်ရာအမှုဆောင်အရာရှိချုပ် Mr. Tanes Kumar က ပြောပြ၍ သိရသည်။

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်း (MAI) အနေဖြင့် ခရီးစဉ်သစ်များဖြစ်သည့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ဗီယင်ကျန်းမြို့သို့ ၂၀၂၄ ခုနှစ် မေ ၄ ရက်မှစတင်ကာ အပတ်စဉ်အင်္ဂါနှင့် ကြာသပတေးနေ့တို့တွင် လည်းကောင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ၂၀၂၄ ခုနှစ် မေ ၈ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့တိုင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု ဒိုဟာမြို့သို့ ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှစတင်၍ အပတ်စဉ်အင်္ဂါနှင့် စနေနေ့တိုင်း အသီးသီး ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) အနေနဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ ပြည်ပလေကြောင်းခရီးစဉ် ၂၁ ခု ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ ဗီယက်နမ်နိုင်ငံ ဗီယင်ကျန်းမြို့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့နဲ့ အာရပ်စော်ဘွားများပြည်ထောင်စု ဒိုဟာမြို့တွေကို ခရီးစဉ်အသစ်တွေအနေနဲ့ တိုးချဲ့ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ဒူဘိုင်း၊ ကွမ်ကျိုးနဲ့ ဒွန်မောင်းလေဆိပ်တွေကိုလဲ အကြိမ်ရေထပ်တိုး ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ခရီးသည်တွေနဲ့ မိတ်ဖက်တွေကို မယိမ်းယိုင်သွားတဲ့ ယုံကြည်မှုတွေနဲ့ နိုင်ငံအတွက် မရှိမဖြစ် လိုအပ်တဲ့လေကြောင်းဆက်သွယ်မှုတွေကို ဆက်လက်ပေးစွမ်းသွားမှာပါ"ဟု MAI ၏ စီးပွားရေးဆိုင်ရာအမှုဆောင်အရာရှိချုပ် Mr. Tanes Kumar က ပြောပြသည်။

ထို့ပြင် ကုန်စည်သီးသန့်သယ်ယူပို့ဆောင်ရေးခရီးစဉ်များအနေဖြင့် ရန်ကုန်မှ ကူမင်းသို့ နေ့စဉ်နှင့် ဇန်ကောက်သို့ တစ်ပတ်လျှင် ခြောက်ကြိမ်၊ ဖူးခက်သို့ အပတ်စဉ် တနင်္လာနေ့တိုင်း ပြေးဆွဲလျက်ရှိကြောင်း၊ ပြည်တွင်းခရီးစဉ်များဖြစ်သည့် လားရှိုး၊ လွိုင်ကော်၊ နေပြည်တော်၊ ကလေးနှင့် ခန္တီးသို့ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH







## ဖိုက်ဘာကေဘယ်လ်သွယ်တန်းထားသော ကုမ္ပဏီများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ အသိပေးကြေညာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် Right of Way ဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ကောင်းကင်ဖိုက်ဘာကြိုးများမှာ အမြင်တင့်တယ်မှုမရှိခြင်း၊ ရှုပ်ထွေးနိမ့်ကျနေခြင်း၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် အဓိကလမ်းမကြီးများဖြစ်သည့် ၇၈လမ်း (၂၆လမ်းမှသိပ္ပံလမ်းထိ)၊ ၇၃လမ်း (၂၆လမ်းမှ၄၁လမ်းထိ)၊ ၆၆လမ်း (၂၆လမ်းမှသိပ္ပံလမ်းထိ)၊ ၆၂လမ်း (၂၆လမ်းမှသိပ္ပံလမ်းထိ)၊ ၂၇လမ်း(၆၂လမ်းမှ၇၈လမ်းထိ)၊ လမ်း ၃၀ (၆၂လမ်းမှ၇၈လမ်းထိ) (၇၉လမ်းမှ၈၄လမ်းထိ)၊ ၃၅လမ်း (၆၂လမ်းမှ၇၈လမ်းထိ) (လမ်း၈၀မှ ၈၄လမ်းထိ) တို့တွင် သွယ်တန်းထားသော ကောင်းကင်ဖိုက်ဘာကြိုးများအား Pilot Project အနေဖြင့် မြေအောက် (Underground)ဖိုက်ဘာကေဘယ်လ် ကြိုးများအဖြစ် ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းပိုင်းများတွင် ကောင်းကင်ဖိုက်ဘာကေဘယ်လ်များ သွယ်တန်းထားသော ကုမ္ပဏီများ/ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ (၂၆-၃-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ လာရောက်ဆက်သွယ်ပေးပို့ကြပါရန်နှင့် စာရင်းတင်သွင်းမထားသော ကေဘယ်လ်များအား တရားမဝင်ကေဘယ်လ်ကြိုးများအဖြစ် သတ်မှတ်၍ ဖယ်ရှားသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ကြိုးအမျိုးအစားနှင့် Fiber Core အရေအတွက်
(ခ) အသုံးပြုတပ်ဆင်ထားသည့် အစနေရာနှင့်အဆုံးနေရာ
(ဂ) Fiber Core များ ထပ်မံဖြန့်ခွဲအသုံးပြုပုံ (Core Plan၊ Design)

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏


## *Long Style Beauty Saloon*

## ဝန်ထမ်းအလိုရှိသည်

၁။ ခေါင်းလျှော်ကျွမ်းကျင် (၅)ဦး

၂။ အလုပ်သင် (မ) (၅)ဦး

**66 st × 67 st, 38 st Corner**
**Ph; 09-2053849**


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ ငီးချောင်းကျေးရွာအုပ်စု၊ ကျောက်ဆစ်ရပ်ကွက်နေ ဦးဆန်းလင်း-ဒေါ်နွယ်နွယ်ဝင်း တို့၏သားဖြစ်သူ **မောင်ထွန်းထွန်းနိုင် (၅/စကန(နိုင်)၂၅၈၇၃၉)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် (၇-၃-၂၀၂၄)ရက်မှစ၍ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဆန်းလင်း(၉/တတဥ(နိုင်)၀၇၈၃၆၈)**
**ဒေါ်နွယ်နွယ်ဝင်း(၉/တတဥ(နိုင်)၀၄၀၁၀၀)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မေးမိုန် ပျောက်ကွယ်သွားပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီးလေးစားမှု လျော့နည်းပြီး အမျိုးသားရေး အားမာန်များ ခန်းခြောက်လာမည်ဖြစ်...

❖ အမျိုးသားရေး အားမာန် ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင်ပြုလုပ်သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## WBO ယာယီဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲတွင် ဂျိုးဆပ်စ်ပါကားက ကျိုလိုကျန်းကို ဒိုင်အမှတ်ဖြင့် အနိုင်ရရှိ




**ရီယာ့ဒ် မတ် ၁၀**

WBO ယာယီဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ တရုတ်လက်ဝှေ့သမား ကျိုလိုကျန်းနှင့် စိန်ခေါ်သူ နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်စ်ပါကားတို့ မတ် ၉ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဂျိုးဆပ်စ်ပါကားက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး ယာယီကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၂၀ ကော်လံ ၄** ☐

**အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်ဆည်-မင်းစု ဘူတာအကြား တံတားအမှတ်(၇၃၈)၏ အစုန်၊အဆန်ရထားသံလမ်းနှင့် ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးဆုံးရှုံးမှုဖြစ်** စာမျက်နှာ - ၂၂

## AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် အသက် ၁၂ နှစ်အရွယ် ကလေးငယ် တစ်ဦးအပါအဝင် ဒေသခံပြည်သူ ငါးဦးသေဆုံး၊ ကလေးငယ် သုံးဦးအပါအဝင် ဒေသခံပြည်သူ ကိုးဦးထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူ ငါးဦး သေဆုံးခဲ့ပြီး ဒေသခံပြည်သူ ကိုးဦး ပုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် မတ် ၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ပေါက်တောမြို့နယ် သဲခုံကျေးရွာ၏အနောက်ဘက်အရပ်မှ လက်နက်ကြီးများဖြင့် လက်လွတ်စပယ် ပစ်ခတ်မှုကြောင့် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့ပြီး ရပ်ကွက်အတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိသော အသက် ၁၂ နှစ်အရွယ်ကလေးငယ် တစ်ဦးအပါအဝင် ဒေသခံပြည်သူ ငါးဦးသေဆုံးခဲ့ကာ ကလေးငယ် သုံးဦးအပါအဝင် ဒေသခံပြည်သူ ကိုးဦးပုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် အဆိုပါဒဏ်ရာရရှိသူများကို

**စာမျက်နှာ ၁၉ ကော်လံ ၁** ☆

**AAအကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နေရာပြပုံ**







အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline-09-450450561, 09-450450562, 09-450450563